# ကြေးမုံ The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ စနေနေ့၊ (13-2-2016) (၈၄၇၅)


### ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့်ညစာစားပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့်ညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ *



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့်ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## မန္တလေးမြို့တွင် တန်ပိုးမျှအိမ်ရာစီမံကိန်း ဆောင်ရွက်မည်

စာမျက်နှာ » ၂

## မြန်မာ-ဂျပန် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပမည်

စာမျက်နှာ » ၁၃




**ကြေးမုံ စာ တ ည်း ရှု ထော င့် ၁၃-၂-၂၀၁၆၊ စနေနေ့**

# မြန်မာ့ကျန်းမာရေးဖွံ့ဖြိုးတိုးတက်

မြန်မာနိုင်ငံ၌ ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်ပေးခဲ့ရာ ကျန်းမာရေးကဏ္ဍ၌ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာသည်ကို မြင်တွေ့ရပါသည်။ ကျန်းမာရေးဆိုင်ရာ အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်မှုများကြောင့် ပြည်သူများ လွယ်ကူသက်သာစွာ ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်သည့်အပြင် ကျေးလက်ဒေသများအထိ လွှမ်းခြုံဆောင်ရွက်ပေးနိုင်သည်ကိုတွေ့ရသည်။

မြန်မာနိုင်ငံတွင် နိုင်ငံ၏လူဦးရေ ၃၀ ရာခိုင်နှုန်းမှာ မြို့ပြတွင် နေထိုင်ကြပြီး ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်တွင် နေထိုင်ကြသည်။ လူဦးရေနှင့်နေထိုင်မှု အခြေအနေများအလိုက် ဆေးဝါးကုသမှုခံယူသည့်ပုံစံများ ကွဲပြားခြားနားသည်။ အဆင့်မြင့်ဆေးကုသမှုများကို ရန်ကုန်နှင့်မန္တလေးကဲ့သို့ မြို့ကြီးများသို့ မြို့ပြနေပြည်သူများသာမက သွားလာမှုလွယ်ကူသော ကျေးလက်ဒေသများမှလည်း လာရောက်ကုသကြသည်။

မြို့နှင့်အလှမ်းဝေးသော ကျေးလက်ဒေသများအတွက်မူ မိမိတို့နီးစပ်ရာဒေသတွင်ပင် အရေးပေါ်ကုသစောင့်ရှောက်မှုဖြင့် ကုသနေကြရသည်။ ထိုအခါ ဝေးလံသည့်ကျေးလက်ဒေသများမှ အထူးကုသရန်လိုအပ်သော လူနာများအတွက် မည်သို့ကုသစောင့်ရှောက်ပေးနေသနည်းဟု သိလိုကြမည်ဖြစ်သည်။ ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုဖြင့် မိမိတို့နည်း၊ မိမိတို့ဟန်ဖြင့် တတ်နိုင်သလောက်ဆောင်ရွက်ပေးခြင်းသာဖြစ်သည်။ မတတ်နိုင်လျှင်လည်း ကံတရားအတိုင်းသာဖြစ်သည်ဟု ဆိုရမလိုဖြစ်သည်။

ပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ ရှေးဦးစွာ အရေးပေါ်ကုသစောင့်ရှောက်မှု အတတ်နိုင်ဆုံး ဆောင်ရွက်ပေးရန်လိုအပ်သည်။ မြို့ပြများအတွက် စိတ်ပူရန်မလိုအပ်ဘဲ ကျေးလက်ဒေသများအတွက် ဦးစားပေးဆောင်ရွက်ပေးရန်လိုအပ်နေသည်။ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၄၀၀၀ ကျော်ရှိပြီး ကျေးရွာတိုင်း၌ ကျေးလက်ကျန်းမာရေးဆေးခန်း မရှိသေးချေ။ တစ်ရွာလျှင် ကျန်းမာရေးကျွမ်းကျင်သူ တစ်ဦးနှုန်းရှိမည်ဆိုပါက ကျန်းမာရေးစောင့်ရှောက်မှု တစ်နိုင်ငံလုံး လွှမ်းခြုံသွားနိုင်မည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ပေးနိုင်ရန်အတွက် ဒေသခံပြည်သူများထဲမှ ကျန်းမာရေးဆိုင်ရာလေ့ကျင့်ပျိုးထောင်ပေးပြီး ကျန်းမာရေးကျွမ်းကျင်သူ သူနာပြု ၆၄၀၀၀ ကျော်ပျိုးထောင်ပေးနိုင်လျှင် တစ်နိုင်ငံလုံးကျန်းမာရေးအတွက် ကောင်းမွန်လာမည်ဖြစ်သည်။ လက်ရှိ၌ ကျေးလက်ကျန်းမာရေးဌာန ၂၂၅ ခုသာ ဖွင့်လှစ်ပေးထားသဖြင့် ကျေးလက်ကျန်းမာရေးဌာနနှင့် ကျန်းမာရေးမှူးများ များစွာလိုအပ်နေသေးသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးအသုံးစရိတ်ကို ၂၀၁၁ ခုနှစ်တွင် ကျပ် ၈၆ ဒသမ ၅၈ ဘီလီယံ သုံးစွဲခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ကျပ် ၈၁၄ ဒသမ ၃၇ ဘီလီယံအထိ တိုးမြှင့်သုံးစွဲကာ ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးခဲ့သည်ကိုတွေ့ရသည်။ ပြည်သူများ၏ ကျန်းမာရေးကို တိုးတက်ဆောင်ရွက်ပေးနိုင်ရန်အတွက် ငါးနှစ်တာကာလအတွင်း ဆေးရုံ ၂၂၅ ရုံ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး ဆေးရုံ ၁၀၀ ကို အဆင့်မြှင့်တင်ပေးခဲ့သည်။ ထို့အပြင် ခရိုင်နှင့် မြို့နယ် ကုသရေးဆေးရုံ ၄၂၀ ရုံကို အသစ်တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည်။

သို့သော် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆရာဝန်အင်အား သုံးသောင်းငါးထောင်ကျော်သာ ရှိနေသေးသဖြင့် ဆေးရုံအားလုံးအတွက် လိုအပ်ချက်ရှိနေသေးသည်။

ထို့ကြောင့် ဆရာဝန်များကို နှစ်စဉ်တိုးတက် မွေးထုတ်ပေးရမည်ဖြစ်သလို မွေးထုတ်ပေးလိုက်သည့် ဆရာဝန်များအနေဖြင့်လည်း မိမိတို့နှင့်နီးစပ်သည့် ဒေသများတွင် ပြည်သူများအား စေတနာရှေ့ထား၍ ကုသစောင့်ရှောက်မှုပေးသွားရန်လိုအပ်သည်။

အထူးသဖြင့် လူဦးရေအများစုနေထိုင်ရာ ကျေးလက်ဒေသများမှ ဆေးခန်းလည်းမရှိ၊ ဆရာဝန်လည်း မရှိ၊ သူနာပြုလည်းမရှိသည့် အရပ်များ၌ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနသာမက ကျေးလက်ဒေသမှ တာဝန်ရှိသူများနှင့်ရပ်မိရပ်ဖများက ကျေးလက်သူနာပြုဖြစ်ထွန်းလာအောင် ဆောင်ရွက်မည့်နည်းလမ်းများကို ရှာဖွေဖော်ထုတ်ပြီး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားသင့်သည်။

မြို့ပြဒေသတွင် ကျန်းမာရေးဆိုင်ရာလိုအပ်ချက်ရှိသေးသော်လည်း ကျန်းမာရေးစောင့်ရှောက်မှုလုံးဝမရှိသည့် ကျေးလက်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ပြည်သူများအားလုံး၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးသွားသင့်ပါသည်။ ။

# မန္တလေးမြို့တွင် တန်ဖိုးမျှအိမ်ရာစီမံကိန်းဆောင်ရွက်မည်

**မန္တလေး ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဆောက်လုပ်ရေးကုမ္ပဏီတို့ အကျိုးတူပူးပေါင်း၍ ချမ်းမြသာစည်မြို့နယ်တွင် တန်ဖိုးမျှအိမ်ရာများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအိမ်ရာများအား မန္တလေးမြို့ရှိ အငြိမ်းစားဝန်ထမ်းများနှင့် လက်ရှိတာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန်ရည်ရွယ်၍ ဆောက်လုပ်ရောင်းချပေးသွားမည်ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စတင်ဆောက်လုပ်ရန်စီစဉ်ထားကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက ပြောသည်။

"စီမံကိန်းကို စတင်ဆောင်ရွက်ဖို့ ဆောက်လုပ်ရေးကုမ္ပဏီတွေနဲ့ ညှိနှိုင်းသဘောတူပြီးဖြစ်ပါတယ်။ စည်ပင်ကမြေကိုပဲ အသုံးချခွင့်ပေးမှာဖြစ်ပြီး ကျန်တဲ့ဆောက်လုပ်ရေးပိုင်းကိုတော့ ကုမ္ပဏီတွေက တာဝန်ယူအကုန်ကျခံပြီး ဆောက်လုပ်ပေးရမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ယခုဆောက်လုပ်မည့် တန်ဖိုးမျှအိမ်ရာစီမံကိန်းအား ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒရပ်ကွက်ရှိ တန်ဖိုးနည်းအိမ်ရာအနီးတွင်ရှိသော မြေကွက်များဖြစ်သည့် မမ(၁၅)၊ (၁၉)၊ (၂၈)နှင့် (၂၉)တို့တွင် လေးခန်းတွဲ ခြောက်ထပ်အာစီတိုက်အလုံးပေါင်း ၁၄၀၊ အခန်းပေါင်း ၃၃၆၀ တည်ဆောက်သွားမည်ဖြစ်သည်။

အဆိုပါ တိုက်ခန်းများရောင်းချရရှိသော ဝင်ငွေမှ ၃၀ ရာခိုင်နှုန်းကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ ပေးသွင်းရမည်ဖြစ်ပြီး ဆောက်လုပ်ရေးကုမ္ပဏီများမှ ၇၀ ရာခိုင်နှုန်းရယူရန် ညှိနှိုင်းသဘောတူညီချက်အရ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**






# အရည်အသွေးမြင့်မားသည့် ကလေးစာပေများထွက်ပေါ်နိုင်ရေး ကလေးစာပေပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

အာရှနိုင်ငံများအတွင်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေသော ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (Shanti Volunteer Association-SVA)နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း (MWA)တို့ ပူးတွဲပြီး မြန်မာနိုင်ငံရှိ ကလေးများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အရည်အသွေးမြင့်မားသည့် ကလေးစာပေများ ထွက်ပေါ်နိုင်ရေးကို ရည်ရွယ်လျက် ကလေးစာပေပြိုင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲတွင် ကလေးစာပေရေးသားသူ မည်သူမဆို ပြိုင်ပွဲ၏ ဆောင်ပုဒ် "ငြိမ်းချမ်းခြင်း" (Peace) ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲအမျိုးအစားသုံးမျိုးခွဲခြားထားသည်။

ပြိုင်ပွဲအမျိုးအစားမှာ အသက် (၃)နှစ်မှ (၅)နှစ်အရွယ် ကလေးများ ဖတ်ရှုရန်အတွက် ပန်းချီဇာတ်လမ်းသရုပ်ဖော်စာမူ၊ အသက် (၆)နှစ်မှ (၈)နှစ်အရွယ်ကလေးများ ဖတ်ရှုရန်အတွက် ပန်းချီဇာတ်လမ်းသရုပ်ဖော်စာမူ၊ အသက်(၉)နှစ်မှ (၁၁) နှစ်အရွယ်ကလေးများ ဖတ်ရှုရန်အတွက် ပန်းချီဇာတ်လမ်း သရုပ်ဖော်စာမူတို့ဖြစ်သည်။

စာမူအဆင့်တစ်ဆင့်လျှင် ပထမဆုနှင့် ဒုတိယဆု နှစ်ဆုစီ စုစုပေါင်း ခြောက်ဆုချီးမြှင့်မည်ဖြစ်ပြီး ပထမဆုအတွက် အမေရိကန်ဒေါ်လာ ၁၀၀၀၊ ဒုတိယဆုအတွက် အမေရိကန်ဒေါ်လာ ၈၀၀ စီချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို ဇူလိုင် ၃၁ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၁၇၃ / ၁၇၅) ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ဖုန်း ၀၁-၂၅၂၄၁၇၊ ၀၁-၂၅၄၁၇၃ တို့သို့ ပေးပို့ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်စည်းကမ်းအသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံ စာရေးဆရာအသင်းတွင် တစ်စုံလျှင် ကျပ် ၁၀၀ ဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း Facebook Account ဖြစ်သော Myanmar Mwa တွင် ဖတ်ရှု၍ဖြစ်စေ ရယူနိုင်သည်။

**(သတင်းစဉ်)**

**ကျသင့်အခွန် တို့ကျေပွန် ကာသိုလ်လည်းရ ဝမ်းလည်းဝ**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

## ပြည်တွင်းရေးရာ

**✱ ရှေ့ဖုံးမှ**

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် တက်ရောက်လာကြသူများအား ညစာဖြင့် တည်ခင်းဧည့်ခံသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများနှင့် တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ညစာစားပွဲအပြီးတွင် တက်ရောက်လာကြသူများအား မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာ အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်မှုအစီအစဉ်အပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ကပြဖျော်ဖြေကြသည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**(အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)



# (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်တွင် (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပဲခူးမြို့ပေါ်ရှိ မြို့တွင်းကြီး အလယ်တန်းကျောင်းခွဲ၌လည်းကောင်း၊ မြို့တွင်းကြီး အနောက်(ခ) အခြေခံပညာအလယ်တန်းကျောင်း၌လည်းကောင်း အသီးသီးပြသခဲ့သည်။

အဆိုပါနံရံကပ်စာစောင်တွင် (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)မှတ်တမ်းဓာတ်ပုံများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးမှတ်တမ်းဓာတ်ပုံများ၊ ပင်လုံနောက်ခံသမိုင်း ဆောင်းပါးများ၊ စည်းလုံးညီညွတ်မှုကို သရုပ်ဖော်သော ကာတွန်းပုံများ၊ ကဗျာများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ အသိပညာဗဟုသုတများတိုးပွားစေရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်နိုးကြားစေရန် ရည်ရွယ်၍ ပြသခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**



**ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် ပညာပေးအထွေထွေဗဟုသုတရေးရာဟောပြောပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က နေပြည်တော် ကျည်တောင်ကန် အခြေခံပညာအထက်တန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတို့တွင် ရွှေအိမ်မက်မိသားစု၏ ကူညီထောက်ပံ့မှုဖြင့်ဆောင်ရွက်ခဲ့ရာ စာရေးဆရာမ တေးသံရှင် ဒေါ်မေကျော့ရှင်းနှင့် စာရေးဆရာမ ဒေါ်ဝတ်ရည်ခင် (ပဲခူး)တို့က ပညာပေးဟောပြောခဲ့ကြစဉ်။**
(ကြေးမုံ)

# ကလေးများနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကျင်းပ



ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် လူမှုဝန်ထမ်းဦးစီးဌာန ရွှေပေါက်ကံမူလတန်းကြိုကျောင်း၌ ဖေဖော်ဝါရီ ၁၃ရက်တွင် ကျရောက်မည့် ကလေးများနေ့အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉နာရီက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန္တာမြင့် ဦးစီး၍ ဆရာမများက ကလေးငယ်များ ပျော်ရွှင်အောင် ကစားနည်းမျိုးစုံဖြင့်လည်းကောင်း၊ နေ့လယ်စာမုန့်ဟင်းခါးကျွေးခြင်းဖြင့်လည်းကောင်း၊ ဖြည့်စွက်စာ အိုဗာတင်း၊ ပေါင်မုန့်ထောပတ်သုတ်များ ကျွေးမွေးခြင်းများ ပြုလုပ်ပေးခြင်းဖြင့်လည်းကောင်း ကလေးငယ်များ ပျော်ရွှင်အောင် ပြုလုပ်ပေးစဉ်။ **(ဒွေးကြိုင်)**

ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် ကလေးများနေ့အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် မူလတန်းကြိုကျောင်း၌ ကလေးငယ်များအား ကစားနည်းမျိုးစုံဖြင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးသည်။**(အောက်ပုံ)**

အဆိုပါပွဲတွင် ကလေးငယ်များ လျှောစီးခြင်း၊ ဒန်းစီးခြင်းနှင့် ကစားနည်းမျိုးစုံကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သီ ဦးဆောင်သော လက်ထောက်ဆရာများက စုပေါင်းပြီး ကလေးများကို ပျော်ရွှင်အောင်ဆောင်ရွက်ပေးပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ **မျိုးသန့်(IPRD)**



# တရုတ် (တိုင်ပေ) ငလျင်ကြောင့် သေဆုံးခဲ့သူများအား အောက်မေ့ဖွယ်အခမ်းအနားကျင်းပ



**တရုတ် (တိုင်ပေ) ဖေဖော်ဝါရီ ၁၂**

လွန်ခဲ့သောရက်သတ္တပတ်က တရုတ်(တိုင်ပေ)တွင် အင်အားပြင်းငလျင် လှုပ်ခတ်မှုကြောင့် သေဆုံးခဲ့သူများအား အောက်မေ့ဖွယ်အခမ်းအနားတစ်ရပ်ကို ယနေ့ကျင်းပခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါအင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူအရေအတွက်မှာ ယခုအချိန်ထိ ၉၄ ဦးရှိပြီဖြစ်ပြီး လူအများအပြား အပျက်အစီးများအောက်တွင် ပျောက်ဆုံးလျက်ရှိနေသေးကြောင်း သိရသည်။

တိုင်နန်မြို့တွင်ကျင်းပသော အောက်မေ့ဖွယ်ရာ အခမ်းအနားသို့ သေဆုံးသူများ၏ဆွေမျိုးများအပါအဝင် လူပေါင်း ၃၀၀ ခန့်တက်ရောက်ခဲ့သည်။

မကြာသေးမီကကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် ရွေးကောက်ခံ သမ္မတ ဆိုင်အင်းဝမ်လည်း အဆိုပါအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

သမ္မတ မာရင်ကျောင်လည်း အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး သေဆုံးသူများ၏ ဆွေမျိုးများအား နှစ်သိမ့်အားပေးစကားများပြောကြားခဲ့သည်။

အောက်မေ့ဖွယ်အခမ်းအနားကို ငလျင်လှုပ်ပြီး ခုနစ်ရက်မြောက်နေ့တွင် တရုတ်ရိုးရာဓလေ့နှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်သည်။

ငလျင်လှုပ်ခတ်မှုကြောင့်ပြိုကျပျက်စီးခဲ့သည့် ၁၆ ထပ်တိုက်ကြီး၏ အပျက်အစီးများအောက်တွင် ပိမိနေသူ ၃၀ ခန့်ရှိနေသေးကြောင်း ကယ်ဆယ်ရေးလုပ်သားများက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**



# ဆီးရီးယား၌ တိုက်ခိုက်မှုများရပ်နားထားရန် ကမ္ဘာ့အင်အားကြီးနိုင်ငံများ သဘောတူ

**မြူးနစ် ဖေဖော်ဝါရီ ၁၂**

ဆီးရီးယားနိုင်ငံ၌ ရက်သတ္တတစ်ပတ်အတွင်းမှစ၍ တိုက်ခိုက်မှုများရပ်နားထားရန် ကမ္ဘာ့အင်အားကြီးနိုင်ငံများက ဖေဖော်ဝါရီ ၁၂ ရက်တွင် သဘောတူညီလိုက်ကြကြောင်း၊ ဝန်းရံပိတ်ဆို့ခံထားရသော ဆီးရီးယားမြို့များသို့လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအဖွဲ့များ ချက်ချင်းဝင်ရောက်နိုင်ရေးအတွက်လည်း သဘောတူညီကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ ကျင်းပသော နိုင်ငံတကာဆီးရီးယားအထောက်အကူပြုအဖွဲ့(အိုင်အက်စ်အက်စ်ဂျီ)၏ အစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် တာဝန်ရှိသူများက အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့်ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် စတက်ဖင်ဒီမစ္စတူရာတို့ တက်ရောက်ကြသည်။

ဆီးရီးယားနိုင်ငံ၌ အခြေအနေတိုးတက်ကောင်းမွန်လာသည့်အခါ နိုင်ငံရေးအသွင်ကူးပြောင်းမှုပြုလုပ်ရာတွင် ပါဝင်ကူညီသွားရေးအတွက် မြူးနစ်ဆွေးနွေးပွဲတွင် အမေရိကန်၊ ရုရှားနှင့် အခြားသော ၁၂ နိုင်ငံထက်မနည်းသော နိုင်ငံများက ထပ်လောင်းအတည်ပြုခဲ့ကြသည်။

သို့ရာတွင် ဆွေးနွေးပွဲ၌ ဆီးရီးယားနိုင်ငံ၌ လုံးဝအပစ်အခတ်ရပ်စဲရေး၊ ရုရှားကဗုံးကြဲတိုက်ခိုက်မှုအဆုံးသတ်ရေးတို့နှင့်ပတ်သက်၍ အာမခံချက်ရရှိရန် ကြိုးပမ်းမှုများမှာ အောင်မြင်မှုမရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ရိုက်တာ။**

# ဥရောပသို့ လူမှောင်ခိုတင်သွင်းမှုတိုက်ဖျက်ရေး တူရကီနှင့်ဂရိတို့ကို နေတိုးအဖွဲ့ကူညီမည်

**အစ္စတန်ဘူလ် ဖေဖော်ဝါရီ ၁၂**

ဥရောပတိုက်သို့ ဒုက္ခသည်များအား လူမှောင်ခိုတင်သွင်းနေသော ဒုစရိုက်ဂိုဏ်းများကို တူရကီနှင့်ဂရိနိုင်ငံတို့ ဖြိုခွင်းနိုင်စေရေးအတွက် အကူအညီပေးရန် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)စစ်သင်္ဘောများသည် အေဂျီယန်ပင်လယ်သို့ ဦးတည်သွားရောက်လျက်ရှိကြကြောင်း နေတိုးအဖွဲ့၏ထိပ်တန်းတပ်မှူးကြီးက ဖေဖော်ဝါရီ ၁၂ ရက်တွင်ပြောကြားသည်။

လူမှောင်ခိုမှုများကို အရေးယူဖြိုခွင်းနိုင်စေရေးအတွက် မြေထဲပင်လယ်အရှေ့ပိုင်း၌ ပင်လယ်ရေကြောင်းကင်းလှည့်စောင့်ကြပ်ရေးတပ်ဖွဲ့က မစ်ရှင်လုပ်ငန်းဆောင်ရွက်ရန် နေတိုးကာကွယ်ရေးဝန်ကြီးများ သဘောတူညီခဲ့ကြပြီးနောက် နာရီပိုင်းအကြာတွင် နေတိုးအဖွဲ့မဟာမိတ်တပ်ဖွဲ့များ၏တပ်မှူးချုပ် ဗိုလ်ချုပ်ကြီး ဖီးလစ်ဘရီလပ်က အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

ဥရောပတိုက်သည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ရွှေ့ပြောင်းနေထိုင်မှုပြဿနာကို အဆိုးရွားဆုံးရင်ဆိုင်နေရသည်။ လွန်ခဲ့သည့်နှစ်က ဥရောပ၌ ခိုလှုံခွင့်တောင်းခံသူ လူပေါင်း တစ်သန်းကျော်အထိရှိခဲ့သည်။

အီတလီပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ ဥရောပသမဂ္ဂ(အီးယူ)က ပင်လယ်ရေကြောင်းကင်းလှည့်စောင့်ကြပ်ရေးအထူးလုပ်ငန်းတာဝန်ကို အကောင်အထည်ဖော်လျက်ရှိသည်။ အီးယူ၏ရေတပ်သင်္ဘောများသည် ကယ်တင်ခံရသောရွှေ့ပြောင်းသူများကို ဥရောပကမ်းရိုးတန်းဒေသများသို့ ပို့ဆောင်ပေးသော်လည်း နေတိုးစစ်သင်္ဘောများကမူ ရွှေ့ပြောင်းသူများကို တူရကီနိုင်ငံသို့ ပြန်လည်ပို့ဆောင်မည်ဖြစ်သည်။

တူရကီ-ဆီးရီးယားကုန်းမြေနယ်စပ်ဒေသ၌လည်း လူမှောင်ခိုမှုများကို နေတိုးအဖွဲ့က စောင့်ကြည့်သွားမည်ဖြစ်ကြောင်း နေတိုးအတွင်းရေးမှူးချုပ် ဂျင်းစတိုတင်ဘာ့ဂ်က ပြောကြားသည်။

**ရိုက်တာ။**

# တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံအကြားရှိ အရေးပေါ်ဆက်သွယ်ရေးလိုင်းများကို မြောက်ကိုရီးယားဖြတ်တောက်

**ဆိုးလ် ဖေဖော်ဝါရီ ၁၂**

တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံအကြားပူးတွဲတည်ထောင်ထားသည့် ကေဆောင်စက်မှုဇုန်အား ပိတ်သိမ်းလိုက်ပြီးနောက် နှစ်နိုင်ငံအကြား ဆက်သွယ်ထားသည့်အရေးပေါ်ဆက်သွယ်ရေးလိုင်းများကို မြောက်ကိုရီးယားနိုင်ငံက ဖြတ်တောက်လိုက်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြောကြားသည်။

ဖေဖော်ဝါရီ ၁၁ ရက်တွင် ကေဆောင်စက်မှုဇုန်ပိတ်သိမ်းမှုဖြစ်ပေါ်အပြီးတွင် မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနိုင်ငံနှင့်ဆက်သွယ်ထားသည့် အရေးပေါ်ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ခဲ့သည်ဟု တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မွန်ဆန်ဂွမ်က ပုံမှန်ကျင်းပသည့် သတင်းထုတ်ပြန်ပွဲတွင် ပြောကြားသည်။

တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံအကြားရှိ အနောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများအကြား အရေးပေါ်ဆက်သွယ်ရေးလိုင်းကြောင်းများအား ပုံမှန်အားဖြင့် ဖွင့်လှစ်ထားသည်။ ၂၀၁၃ ခုနှစ်အတွင်းက အရှေ့ပိုင်းဒေသအတွင်း တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားခဲ့ပြီးနောက် အရှေ့ပိုင်းဒေသ ဆက်သွယ်ရေးလမ်းကြောင်းမှာ ရပ်ဆိုင်းခဲ့ပြီးဖြစ်သည်။

တောင်နှင့်မြောက်ကိုရီးယား နယ်ခြားဒေသရှိ ကေဆောင်စက်မှုဇုန်အား ပိတ်ပစ်ရန် တောင်ကိုရီးယားနိုင်ငံက ဖေဖော်ဝါရီ ၁၀ ရက်တွင် ဆုံးဖြတ်ခဲ့ပြီးနောက်နှစ်နိုင်ငံအကြား တယ်လီဖုန်းနှင့် ဖက်စ် အဆက်အသွယ်များဖြတ်တောက်ရန် မြောက်ကိုရီးယားနိုင်ငံက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီ ၆ ရက်က ပြုလုပ်ခဲ့သော မြောက်ကိုရီးယားနိုင်ငံ၏ စတုတ္ထမြောက် နျူကလီးယားစမ်းသပ်ဖောက်ခွဲမှုနှင့် ဖေဖော်ဝါရီ ၇ ရက်တွင် မြောက်ကိုရီးယား၏ တာဝေးပစ်ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများကြောင့် တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံအကြား ထူထောင်ထားသည့် ကေဆောင်စက်မှုဇုန်ကို အပြီးတိုင်ပိတ်သိမ်းပစ်ရန် တောင်ကိုရီးယားနိုင်ငံက ဖေဖော်ဝါရီ ၉ ရက်တွင် ကြေညာချက်ထွက်ပေါ်ခဲ့အပြီးတွင် မြောက်ကိုရီးယားနိုင်ငံက နှစ်နိုင်ငံအကြား အရေးပေါ်ဆက်သွယ်ရေးလိုင်းများ ပိတ်ပင်ရန်ဆုံးဖြတ်ချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ။**

❖❖❖

# ရှေ့တန်းတိုက်ခိုက်ရေးသမားအဖြစ် ကလေးငယ်များအား အိုင်အက်စ်အဖွဲ့ဖြန့်ကြက်

**ဒမတ်စကတ် ဖေဖော်ဝါရီ ၁၂**

အိုင်အက်စ်စစ်သွေးကြွအုပ်စုက ဒေသခံကလေးငယ်များကို တစ်လတာ စစ်ရေးလေ့ကျင့်ပေးပြီးနောက် ရှေ့တန်းစစ်မျက်နှာ၌ တိုက်ခိုက်ရေးသမားများအဖြစ်ဖြန့်ကြက်လျက်ရှိကြောင်း ဆီးရီးယားပြည်တွင်းစစ်ကို စောင့်ကြည့်လေ့လာသည့် ဗြိတိန်အခြေစိုက်အဖွဲ့တစ်ဖွဲ့က ပြောကြားသည်။

ပြီးခဲ့သည့်အပတ်က လေ့ကျင့်မှုပြီးစီးခဲ့သည့် တိုက်ခိုက်ရေးတပ်သားသစ်များ (အကြမ်းအားဖြင့် ၄၅၀ အနက် ၁၀၀ခန့်)မှာ ကလေးငယ်များဖြစ်ကြောင်း ဆီးရီးယား လူ့အခွင့်အရေးဆိုင်ရာ စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။ စစ်ရေးလေ့ကျင့်မှုအချိန်ကာလမှာ ယခင်ကနှစ်လရှိရာမှ တစ်လသို့ သိသိသာသာလျှော့ချလိုက်ကြောင်း ယင်းအဖွဲ့က ဆိုသည်။ လေ့ကျင့်ပေးပြီးသည့်တပ်သားသစ်များကို ၎င်းတို့၏မိသားစုများနှင့်တွေ့ဆုံရန် သုံးရက်တာရွှေ့ဆိုင်းပြီးနောက် ရှေ့တန်းစစ်မျက်နှာသို့ ပို့ဆောင်ခဲ့ကြောင်းသိရသည်။ အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က ဆီးရီးယားနိုင်ငံ၌ လေကြောင်းတိုက်ခိုက်မှုများလုပ်ဆောင်ပြီးနောက် ရုရှားနိုင်ငံက ပြီးခဲ့သည့်စက်တင်ဘာလတွင် ယင်းလေကြောင်းတိုက်ခိုက်မှုများ၌စတင်ပါဝင်လာခဲ့ရာ အိုင်အက်စ်အဖွဲ့မှာ ၎င်းတို့၏ထိန်းချုပ်မှုအောက်ရှိနယ်မြေများ ဆုံးရှုံးလျက်ရှိသည်။

နိုင်ငံခြားတပ်ဖွဲ့များ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် အိုင်အက်စ်တိုက်ခိုက်ရေးသမားအရေအတွက်မှာ ၂၀,၀၀၀ ခန့်မှ ၁၀,၀၀၀ နီးပါးထိ



လျော့နည်းသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ကလေးငယ်များအားလူသစ်စုဆောင်းမှုနှင့်တိုတောင်းသောလေ့ကျင့်မှုကာလတို့မှာ စစ်သွေးကြွအဖွဲ့၏ တိုက်ခိုက်ရေးသမားလျော့နည်းလာမှုအတွက် တုံ့ပြန်မှုဖြစ်ကြောင်း စောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

# သဘာဝဘေးဒဏ်သင့်ခဲ့သည့် ချင်းပြည်နယ် ဟားခါးနှင့် တီးတိန်မြို့များတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှ နေအိမ် ၄၅၈ လုံး ဆောက်လုပ်ပြီးစီး

**နေပြည်တော်　　ဖေဖော်ဝါရီ　၁၂**

မြန်မာနိုင်ငံအနှံ့အပြားတွင် ၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်လများက မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရာ ချင်းပြည်နယ် ဟားခါးမြို့နှင့် တီးတိန်မြို့နယ်များရှိ နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ နေအိမ် ၄၅၈ လုံး တာဝန်ယူဆောက်လုပ်မှုဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဟားခါးမြို့၌ နေအိမ် ၄၁၇ လုံး၊ တီးတိန်မြို့၌ နေအိမ် ၄၁ လုံး စုစုပေါင်းနေအိမ် ၄၅၈ လုံးဆောက်လုပ်ခြင်းဖြစ်ပြီး နေအိမ်ပုံစံများမှာ မိသားစုငါးဦးနှင့်အထက် နေထိုင်နိုင်သည့် အိပ်ခန်းနှစ်ခန်းပါဝင်သော ပျဉ်ထောင်သွပ်မိုး ဧရိယာ ၆၄၀ စတုရန်းပေ တန်ဖိုးငွေကျပ် ၄၄ ဒသမ ၄ သိန်း ဖြစ်သည်။

အဆိုပါ နေအိမ်များဆောက်လုပ်နိုင်ရေးအတွက် လိုအပ်သောသစ်ခွဲသားများရရှိနိုင်ရန် သစ်လုံးများကို မုံရွာ၊ ဂန့်ဂေါ၊ စစ်ကိုင်းနှင့် ပခုက္ကူမြို့များရှိ သစ်ခွဲစက်များသို့ ပို့ဆောင်ပြီး လုပ်ငန်းခွင်သုံး အသင့်တပ်ဆင်နိုင်သည့် (Cut size)များခွဲစိတ်ခြင်း၊ အုတ်ဖိနပ်များကို ကလေးမြို့တွင် ပြုလုပ်ခြင်း၊ Town Plan နှင့်အညီ မြေကွက်များ သတ်မှတ်ဖော်ထုတ်၍ နေအိမ်များစတင်ဆောက်လုပ်နိုင်ရန် မြေပြုပြင်ခြင်းစသည့် လုပ်ငန်းများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလများအတွင်း ပြီးစီးအောင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် သစ်ခွဲသား၊ အုတ်ဖိနပ်များနှင့် ဆောက်လုပ်ရေးပစ္စည်းများကို မိုးရွာသွန်းမှုကြောင့် မြေပြို၍ လမ်း၊တံတားများပျက်စီးခဲ့သဖြင့် ပြုပြင်နေသည့်ကြားမှ အချိန်တိုအတွင်း ရောက်ရှိအောင် ယာဉ်၊ ယန္တရားများအသုံးပြု၍ ခက်ခဲစွာ ပို့ဆောင်ခြင်းနှင့် ဒေသခံမဟုတ်သော လက်သမားများဖြင့် ချင်းပြည်နယ်၏ ချမ်းအေးမှုဒဏ်ကိုအံတုပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တီးတိန်မြို့နယ်အတွက် နေအိမ် ၄၁ လုံးကို ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁၄ရက်တွင်လည်းကောင်း၊ ဟားခါးမြို့နယ်အတွက် နေအိမ် ၄၁၇ လုံးကို ဇန်နဝါရီ ၂၇ ရက်တွင်လည်းကောင်း သတ်မှတ်ကာလ အပြီးဆောက်လုပ်နိုင်ခဲ့သဖြင့် ဇန်နဝါရီ ၃၀ ရက်က ချင်းပြည်နယ် အစိုးရအဖွဲ့ထံ စနစ်တကျလွှဲပြောင်းပေးနိုင်ခဲ့သည်။

အဆိုပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောက်လုပ်ခဲ့သော နေအိမ်များတွင် သဘာဝဘေးသင့်သည့် မိသားစုများ နေထိုင်နိုင်ရေး ချင်းပြည်နယ်အစိုးရအဖွဲ့မှ စနစ်တကျနေရာချထားပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**


ဟားခါးမြို့တွင် တည်ဆောက်ပြီးစီးသော တန်ဖိုးသင့်အိမ်များအား နေချင်စဖွယ် တည်ဆောက်ထားသည်ကို တွေ့ရစဉ်။


တန်ဖိုးသင့်အိမ်ရာများ တည်ဆောက်ပြီး ညဘက်လျှပ်စစ်မီးထွန်းထားသည်ကို တွေ့ရစဉ်။


တည်ဆောက်ပြီး အိမ်ရာများပေါ်တွင် နေထိုင်ကြသော မိသားစုများနှင့်အတူ တွေ့ရစဉ်။


ဟားခါးမြို့တွင် တည်ဆောက်ပြီးစီးသော တန်ဖိုးသင့်အိမ်များအား နေချင်စဖွယ် တည်ဆောက်ထားသည့် အပိုင်း(၂)အား တွေ့ရစဉ်။


ဟားခါးမြို့၌ တန်ဖိုးသင့်အိမ်ရာတည်ဆောက်ပြီးသော သန့်ရှင်းသပ်ရပ်သည့် လူနေအိမ်များ တွေ့ရစဉ်။

# တွဲလက်တွေ မြဲဆက်စေဖို့

မေသံလွင်

ကျွန်မတို့ မြန်မာနိုင်ငံဟာ စတုရန်းမိုင်ပေါင်း (၂၆၁၂၂၇) ဧရိယာအကျယ်အဝန်းရှိပြီး သဘာဝရင်းမြစ်တွေ၊ သယံဇာတတွေ ပေါကြွယ်ဝတဲ့နိုင်ငံ တစ်နိုင်ငံဖြစ်ပါတယ်။

နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်က ကျေးလက်နေပြည်သူတွေဖြစ်ပြီး လက်ရှိ မြန်မာနိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုအချိုးက ၂၆ ရာခိုင်နှုန်း ရှိနေပါတယ်။ ကျေးလက်နေ ပြည်သူတွေရဲ့ ဆင်းရဲနွမ်းပါးမှုဟာ ဆင်းရဲနွမ်းပါးသူအားလုံးရဲ့ ၈၅ ရာခိုင်နှုန်းခန့်ရှိနေကြောင်း သိရပါတယ်။ ချင်း၊ ရခိုင်၊ ရှမ်းပြည်နယ်နဲ့ မန္တလေး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှာ အချိုးအစားပိုများတယ်လို့ ဆိုပါတယ်။

တောင်ပေါ်၊ မြေပြန့်၊ မြို့ပြနဲ့ကျေးလက် အားလုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေ မျှတမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်တဲ့အခါ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းအားလုံးရဲ့ ၉၉ ရာခိုင်နှုန်းခန့်က အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်း (SME)များ ဖြစ်နေပါတယ်။

အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေကို မြှင့်တင်ပေးခြင်း၊ ဆင်းရဲနွမ်းပါးမှုကို လျော့ကျစေခြင်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ပေးခြင်းတွေဟာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ခြင်းရဲ့ အဓိကအကြောင်းတရားတွေဖြစ်ပြီး **"တစ်နွယ်ငင်တော့ တစ်စင်ပါ"** ဆိုသလို မခွဲဘဲတွဲဆက်နေမှာဖြစ်ပါတယ်။

ဒါကြောင့်လည်း နိုင်ငံအနှံ့အပြားမှာရှိတဲ့ မြို့ပြနဲ့ ကျေးလက်က စီးပွားရေးလုပ်ငန်းရှင်တွေကို တူညီတဲ့ ကူညီမှုတွေနဲ့ အနီးကပ်ပြီး တစ်တပ်တစ်အား ဝိုင်းဝန်းအားဖြည့်ပေးနိုင်ဖို့ အသေးစားနဲ့ အလတ်စား ဖွံ့ဖြိုးတိုးတက်ရေးဌာနတွေ ပေါ်ပေါက်ခဲ့ရတာပဲ ဖြစ်ပါတယ်။

ကျွန်မတို့အားလုံး တာဝန်အပြည့်ရှိပါတယ်။ ကူညီရမယ်၊ အားပေးရမယ်၊ လက်တွဲခေါ်ယူရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ကိုယ်တိုင်လည်း လေ့လာသင်ယူကြရသလို အတိုင်းအတာ တစ်ခုအတွင်းကနေ ဘယ်လိုပုံစံနဲ့ မြန်မြန်ခရီးရောက်အောင် ကူညီနိုင်မလဲဆိုတာ စဉ်းစားကြရပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကူညီတဲ့အခါ လတ်တလောဆောင်ရွက်မှုတွေနဲ့ အခြေခံအကြောင်းတရားတွေ ပေါင်းဆုံမှသာ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးမှုကို ဖြစ်စေမှာပါ။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဘက်ဘက်က ပြည့်စုံဖို့လိုပါတယ်။ ဒီအချက်တွေကလည်း တစ်ခုနဲ့တစ်ခု သီးခြားစီရှိမနေဘဲ အပြန်အလှန် ကွင်းဆက်တွေလို ချိတ်ဆက်နေတာပါပဲ။

အသိပညာ၊ စီးပွားရေး အားကြီးသူက အားနည်းသူကို လက်တွဲခေါ်ယူရမှာပါ။ ဒါပေမဲ့ ကမ်းလင့်လက်ကို အလိုက်သင့် တွဲပါလာဖို့ဆိုတာ သူတို့မှာလည်း အခြေခံကောင်းလေးတွေ ရှိနေရမှာဖြစ်ပါတယ်။ နီးနီးဝေးဝေး ကျေးလက်ဒေသတွေအထိ အရောက်သွားလို့ တိကျမှန်ကန်တဲ့ အချက်အလက်တွေ ရယူနိုင်ရပါမယ်။

သူတို့ရဲ့ အခြေခံအနေအထားတွေကို အရင်ဆုံးလေ့လာပြီး လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ရပါမယ်။

နိုင်ငံစီးပွားရေးကို အဓိကမောင်းနှင်နေတဲ့ SME လုပ်ငန်းရှင်အများစုရဲ့ သမားရိုးကျ အတွေးအခေါ်တွေကို ပြောင်းလဲလာအောင်၊ ဖန်တီးနိုင်စွမ်းအားတွေ၊ စွန့်ဦးတီထွင် စိတ်ဓာတ်တွေ တိုးတက်လာအောင် ဆောင်ရွက်ပေးနိုင်ရပါမယ်။ ဒီနေရာမှာ ကျွန်မယုံကြည်တာက ဒီအသိစိတ်ဓာတ်တွေကို ပြည်သူလူထုအတွင်းမှာ များများပြန့်ပွားစေဖို့ အဓိကသော့ချက်က အမျိုးသမီးနဲ့ လူငယ်တွေဆီမှာ ရှိနေတယ်ဆိုတာပါပဲ။

ကျွန်မဆိုလိုတဲ့ အမျိုးသမီးဆိုတာ အိမ်ထောင့်တာဝန်သော်လည်းကောင်း၊ လုပ်ငန်းတာဝန်သော်လည်းကောင်း၊ စီးပွားရေးသော်လည်းကောင်း၊ စီမံခန့်ခွဲမှုတစ်ခုခုကိုသော်လည်းကောင်း လက်ရှိဆောင်ရွက်နေသူတွေဖြစ်ပြီး လူငယ်ထုမှာတော့ ကျား၊ မ မရွေး၊ တာဝန်မရွေး အားလုံးပါဝင်ပါတယ်။

မကွေးတိုင်းဒေသကြီးမှာ ကျွန်မတို့ဌာနက ဦးဆောင်ပြီး အမျိုးသမီးစွန့်ဦးတီထွင်အဖွဲ့နဲ့ လူငယ်စွန့်ဦးတီထွင်အဖွဲ့ကို ဖွဲ့စည်းထားပါတယ်။ ကိုယ့်ဒေသ၊ အသိုင်းအဝိုင်း၊ လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးကို တိုင်ပင်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြမယ်လို့ ရည်ရွယ်ချက်ထားကြပါတယ်။

အောင်မြင်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ လုပ်ငန်းစတင်လိုသူတွေ၊ မျိုးဆက်သစ်လူငယ်တွေ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေ၊ ဆရာဆရာမတွေ၊ ဌာနဆိုင်ရာဝန်ထမ်းတွေ ပါဝင်ပါတယ်။ ယုံကြည်မှုနဲ့ လက်တွဲလာကြတဲ့အတွက်လည်း အတိုင်းမသိ ဝမ်းသာဂုဏ်ယူရပါတယ်။

ဒီအဖွဲ့တွေမှာ အလွှာစုံ၊ ဒေသစုံ၊ မြို့ပြ၊ ကျေးလက်

**"အလျှင်လို လမ်းအိုလိုက်" ဆိုတဲ့ခေတ် မဟုတ်တော့ပါဘူး။ အဲဒီအခါ စွမ်းနိုင်သူတွေ၊ တတ်နိုင်သူတွေက မျိုးဆက်သစ်တွေကို တွဲခေါ်ရမယ်။ အပြန်အလှန် ယုံကြည်မှုထားနိုင်တဲ့ ကိုယ်ကျင့်တရားတွေရှိကြရမယ်။ အများကောင်းကျိုးကို ရှေးရှုနိုင်ရမယ်။ တစ်ဦးကောင်းကျိုးကို တစ်ဦးကလိုလားလို့ အချင်းချင်းမေတ္တာထားနိုင်ကြရပါမယ်။ လက်တွဲညီညီနဲ့ ရှေ့သို့ချီကြရမယ်။**

ဒေသအားလုံးက ပါဝင်ပြီး အဖွဲ့ဝင် ဦးရေ ဆက်လက်တိုးတက်နေခြင်းဟာလည်း ကျွန်မတို့အတွက် အားအင်တွေဖြစ်ခဲ့ရပါတယ်။

ကျေးလက်ဒေသက ပြည်သူတွေ၊ လူမှုစီးပွားနောက်ကျနေတဲ့သူတွေကို တွဲခေါ်ပြီး လူမှုစီးပွားဘဝတွေ မြှင့်တင်ပေးနိုင်ဖို့ ကျွန်မတို့ ဝိုင်းဝန်းကြိုးစားကြမှာပါ။ ကိုယ်လိုချင်တဲ့ ပန်းတိုင်ဆီ အသိဉာဏ်ပညာ၊ အတွေးအခေါ်တွေကို လက်ဆင့်ကမ်းပြီး ပြေးကြဖို့ အပြေးသမားကောင်းတွေအဖြစ် ကျွန်မတို့တတ်စွမ်းသမျှလေးနဲ့ ကြိုးစားဆောင်ရွက်ကြပါမယ်။

မြန်မာအမျိုးသမီးတွေရဲ့ အတွေးအခေါ်တွေ၊ ခေါင်းဆောင်မှု စွမ်းရည်တွေ၊ စွန့်ဦးတီထွင် စွမ်းဆောင်နိုင်စွမ်းတွေကို ပိုမိုတိုးတက်မြင့်မားလာအောင် ကြိုးပမ်းရပါမယ်။ အတွေ့အကြုံတွေ၊ အရည်အချင်းတွေ ပြည့်ဝလာအောင်လည်း ဖန်တီးပေးရပါမယ်။

ဒီလို အရည်အသွေးတွေ မြင့်မားလာခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့ကဏ္ဍကြီးတစ်ခု တိုးတက်လာတာပဲဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသူတင်မဟုတ်ဘဲ အလွှာစုံက အမျိုးသမီးတွေကို ဒီအသိစိတ်ဓာတ်တွေ မြှင့်တင်ပေးနိုင်တာနဲ့အမျှ မိသားစုတစ်ခုချင်း တိုးတက်လာမယ်။ အဲဒီကနေ တစ်ဆင့်တက်လို့ ပတ်ဝန်းကျင်အတွက် အကျိုးကျေးဇူးတွေ များစေနိုင်ပါတယ်။

**"ပုခက်လွှဲသောလက်သည် ကမ္ဘာကိုအုပ်စိုးနိုင်သည်"** ဆိုတဲ့ စကားအတိုင်း အမျိုးသမီးတွေကနေတစ်ဆင့် သူတို့ရဲ့ခင်ပွန်းကို ကူညီပံ့ပိုးပေးနိုင်မယ်။ တူ၊ သား၊ မောင်မယ်၊ လူငယ်တွေကိုပါ လက်ဆင့်ကမ်းပေးနိုင်မှာပဲဖြစ်ပါတယ်။ မိခင်စိတ်ဓာတ်နဲ့ အခြေခံအသိတရားတွေ ပြည့်ဝအောင် ဖေးမကူညီနားလည်ပေးနိုင်မယ်၊ လက်တွဲခေါ်ယူနိုင်မယ်ဆိုရင် မျိုးဆက်သစ် လူငယ်တွေလည်း ပါဝင်လာမှာ ဖြစ်ပါတယ်။

မျိုးဆက်သစ်တွေ တိုးတက်မှသာ ကျွန်မတို့ရဲ့ အနာဂတ်လှပနိုင်မှာပါ။

အမျိုးသမီးတွေမှာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း၊ ဌာနဆိုင်ရာလုပ်ငန်းတွေမှာ ဦးဆောင်နေသူတွေရှိသလို မှီခိုသူ၊ သူများဝန်ထမ်းလို့ မိမိကိုယ်မိမိခံယူထားတဲ့သူတွေမှာလည်း ခေါင်းဆောင်မှုစွမ်းရည်၊ စီမံခန့်ခွဲနိုင်စွမ်းစတဲ့ ကိုယ်ရည်ကိုယ်သွေးတွေရှိနေတာပါ။

ဒါ့အပြင် အိမ်ထောင်ဦးစီးခင်ပွန်းကို ပံ့ပိုးကူညီနေရတဲ့ အိမ်ရှင်မတွေလည်းရှိတယ်။ တိမ်မြုပ်နေတဲ့ အစွမ်းအစတွေကြောင့် ကူညီမှုမပေးနိုင်သူတွေလည်း ရှိပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကူညီခွင့်မရသူတွေလည်းရှိနေပါတယ်။ ဒီအစွမ်းအစတွေကို ဖော်ထုတ်ပေး၊ မြှင့်တင်ပေးပြီး စွန့်ဦးတီထွင်စိတ်ဓာတ်တွေနဲ့ တွေးခေါ်နိုင်ဖို့ ဆောင်ရွက်ပေးရပါမယ်။ သူတို့မှာ မျိုးဆက်သစ်လူငယ်တွေကို လက်တွဲခေါ်ယူနိုင်တဲ့ အစွမ်းတွေရှိကြမယ်လို့လည်း ကျွန်မယုံကြည်နေတယ်။

အနာဂတ်မှာ ကမ္ဘာကို ရင်ပေါင်တန်းဖို့ထိပါ စဉ်းစားရမှာဆိုတော့ စွန့်စားရဲရမယ်၊ တီထွင်တတ်ရမယ်၊ အတွေးအခေါ်တွေလည်း ကောင်းရပါမယ်။ တစ်ဦးချင်းရဲ့ အတွေးအခေါ် စိတ်ဓာတ်တွေကလည်း သမားရိုးကျ လမ်းဟောင်းကြီးအတိုင်း နေလို့ရမှာ မဟုတ်တော့ပါဘူး။ မိဘလက်ငုတ်လက်ရင်း အရိုက်အရာကို ဆက်ခံပြီး ချမ်းသာတဲ့ခေတ် မဟုတ်တော့ပါဘူး။ မိရိုးဖလာလုပ်ကိုင်နေတဲ့ လမ်းကြောင်းကနေ ဖောက်ထွက်ချင်တဲ့စိတ်တွေ၊ တွေးခေါ်နိုင်တဲ့စွမ်းအားတွေရှိလာအောင် ဘက်စုံ၊ ထောင့်စုံ စဉ်းစားပြီး စွန့်ဦးတီထွင်စိတ်ဓာတ်တွေနဲ့ ကြိုးစားရမှာ ဖြစ်တယ်။ လုပ်ရဲကိုင်ရဲတဲ့သတ္တိနဲ့ စိတ်ဓာတ်တွေမွေးမြူပြီး လမ်းသစ်ဖောက်လို့ လျှောက်ရမယ့်ခေတ် ရောက်နေပြီဆိုတာ လူငယ်တွေနဲ့ အဲဒီလူငယ်တွေရဲ့မိခင်တွေ သိစေလိုပါတယ်။

စွန့်ဦးတီထွင်မှုဆိုတာ သူများရဲ့ညွှန်ကြားချက်မပါဘဲ ကိုယ်ပိုင်အတွေးအခေါ်နဲ့ တီထွင်ဖန်တီးနိုင်ခြင်း၊ သူများမလုပ်သေးတာကို စွန့်စားဆောင်ရွက်နိုင်ခြင်း၊ ကိုယ်တိုင်ခေါင်းဆောင်လုပ်နိုင်ခြင်း စသည်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုကြပါတယ်။ ပညာသင်တဲ့ဘဝ၊ ဝန်ထမ်းလုပ်နေရတဲ့ဘဝတွေမှာတောင် ကိုယ်လုပ်သရွေ့ အလုပ်တိုင်းမှာ လုပ်ငန်းအောင်မြင်ဖို့ ရှေးရှုပြီး စွန့်ဦးတီထွင်စိတ်ဓာတ်နဲ့ ဆောင်ရွက်ရင် သူများရှေ့ကို ရောက်နိုင်တယ်ဆိုတာ သိစေချင်ပါတယ်။ အရာရာမှာ စွန့်ဦးတီထွင်စိတ်ဓာတ် အခြေခံရှိရင် စီးပွားရေးမှာလည်း စွန့်ဦးတီထွင်စိတ်ဓာတ်နဲ့ စဉ်းစားဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ လက်တွဲခေါ်ယူတဲ့အခါ အလိုက်သင့်ပါလာနိုင်တဲ့ အရည်အချင်းတွေရှိနေဖို့ဆိုတာကတော့ ကျွန်မတို့အားလုံးမှာပဲ တာဝန်တွေရှိပါတယ်။

ကျွန်မကတော့ ပန်းပင်လေးကို ဥပမာပေးချင်တာပါ။ ပန်းပင်လေးတစ်ပင်ရဲ့ အလှတရားဟာ ပင်စည်၊ သစ်ရွက်၊ သစ်ခက်၊ ပန်းငုံ၊ ပန်းဖူး၊ ပန်းပွင့်တွေ မြိုင်မြိုင်ဆိုင်ဆိုင်၊ လန်းလန်းဆန်းဆန်းရှိနေမှသာ ပြည့်စုံပါတယ်။

အစွမ်းကုန်ပွင့်နေတဲ့ ပန်းပွင့်တွေသာရှိတဲ့ ပန်းပင်ရဲ့အနာဂတ်ဟာ မသေချာပါဘူး။ အငုံ၊ အဖူးတွေချည်းရှိနေရင်လည်း သူ့အလှတရားက ပြည့်စုံမှာမဟုတ်ပါဘူး။ သူ့မျိုးဆက်က ပြတ်တောက်သွားနိုင်ပါသေးတယ်။ ခိုင်မာတဲ့ပင်စည်ရှိဖို့လိုသလို လန်းဆန်းတဲ့ သစ်ရွက်လေးတွေလည်းရှိနေမှ ပန်းပင်တစ်ပင်ရဲ့ ပြည့်စုံတဲ့အလှတရားကို ဖော်ဆောင်နိုင်ပါတယ်။

ဥယျာဉ်မှူးကောင်းရဲ့ ပြုစုပျိုးထောင်မှုနဲ့ စောင့်ရှောက်မှုကို ခံယူခွင့်ရရင် ပိုပြီးအောင်မြင်နိုင်ပါသေးတယ်။ ဒီလိုပါပဲ ကျွန်မတို့ရဲ့ လူ့လောကကြီးမှာ အသိဉာဏ်ပညာနဲ့ ပြည့်စုံသူတွေက ဦးဆောင်ပြီး မျိုးဆက်သစ်တွေကို လက်တွဲခေါ်ယူမယ်၊ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် သာယာလှပတဲ့အနာဂတ်ကို ပိုင်ဆိုင်နိုင်မှာပဲ ဖြစ်ပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာ စီးပွားရေးအခွင့်အလမ်းတွေ များပြားလာနေပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လာတဲ့အခါ စွန့်ဦးတီထွင်စိတ်ဓာတ်တွေ များစွာလိုအပ်ပါတယ်။ ကိုယ်လိုချင်တဲ့ပန်းတိုင်ကို သတ်မှတ်ပြီးရင်တော့ အောင်အောင်မြင်မြင်နဲ့ မြန်မြန်ရောက်ဖို့ အရေးကြီးပါတယ်။

**"အလျှင်လို လမ်းအိုလိုက်"** ဆိုတဲ့ခေတ် မဟုတ်တော့ပါဘူး။ အဲဒီအခါ စွမ်းနိုင်သူတွေ၊ တတ်နိုင်သူတွေက မျိုးဆက်သစ်တွေကို တွဲခေါ်ရမယ်။ အပြန်အလှန် ယုံကြည်မှုထားနိုင်တဲ့ ကိုယ်ကျင့်တရားတွေရှိကြရမယ်။ အများကောင်းကျိုးကို ရှေးရှုနိုင်ရမယ်။ တစ်ဦးကောင်းကျိုးကို တစ်ဦးကလိုလားလို့ အချင်းချင်းမေတ္တာထားနိုင်ကြရပါမယ်။ လက်တွဲညီညီနဲ့ ရှေ့သို့ချီကြရမယ်။ ကျွန်မတို့ရဲ့တွဲလက်တွေကို မေတ္တာအားအင်တွေကသာ မြဲဆက်စေမှာပါ။ မိမိဘဝ၊ မိမိပတ်ဝန်းကျင်၊ မိမိရဲ့လူမှုအသိုင်းအဝိုင်းနဲ့ မိမိနိုင်ငံကြီးတိုးတက်ဖို့အတွက် **"တွဲလက်တွေမြဲဆက်စေဖို့၊ မေတ္တာကိုယ်စီထားကြစို့" လို့သာ ဆန္ဒပြုလိုက်ရပါတယ်။** ။

## ဝန်းသိုမြို့နယ်တွင် ဝါးအခြေခံလက်မှုထည်လုပ်ငန်းသင်တန်းတက်ခဲ့သည့် ဒေသခံများ ဈေးကွက်ထိုးဖောက်လျက်ရှိ

**ဝန်းသို ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် တင်းဝါးချောင်းအုပ်စု လက်ပံကျင်းကျေးရွာ၌ ဇန်နဝါရီလအတွင်းက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ဝါးအခြေခံလက်မှုထည် သင်တန်းကို ဖွင့်လှစ်ပို့ချခဲ့သဖြင့် အဆိုပါ သင်တန်းကို တက်ရောက်ခဲ့ကြသော ဒေသခံများသည် ယခုအခါ ဝါးလက်မှုထည်လုပ်ငန်းကို ဈေးကွက်ထိုးဖောက်ရောင်းချနိုင်ရန် ရက်လုပ်နေလျက်ရှိကြောင်း သိရသည်။

"လက်မှုထည်လုပ်ငန်းကို သင်ကြားပေးတာတွေကဖုန်းထည့်အိတ်၊ တစ်သျှူးထည့်ဘူး၊ ခတ်ပုံအယ်လ်ဘမ်ထည့်အိတ်၊ ခတ်ပုံမှန်ပေါင်၊ ဖုန်းတင်စင်၊ သွားကြားထိုးတံထည့်ဘူး၊ လင်ပန်း၊ သစ်သီးထည့်ခြင်းတွေပါ။"

"ကျွန်မတို့ရွာမှာက အိမ်ခြေတစ်ရာခန့်နဲ့ လူဦးရေခြောက်ရာခန့်ရှိပါတယ်။ တောင်သူလုပ်ငန်းအပြင် မိရိုးဖလာ လုပ်ကိုင်နေကျ ခြင်းတစ်မျိုးတည်းကိုပဲ အပိုဝင်အနေနဲ့ ရက်လုပ်ကြတာပါ။ အခုလို ဝါးအခြေခံ လက်မှုထည်ပညာကို ရွာမှာလာရောက်သင်ကြားပေးတော့ ပညာတစ်ခုတိုးလာတာပေါ့။ အခုဆိုရင် မိရိုးဖလာ ခြင်းရက်သည့်လုပ်ငန်းကိုလည်း အလုပ်မပျက် ရက်လုပ်သလို ဝါးလက်မှုထည်ပစ္စည်းလေးတွေလည်း ရက်လုပ်နေကြပါတယ်။ ရွာမှာလည်း ရှေ့လဆိုရင် ဘုရားပွဲကျင်းပမှာဆိုတော့ ပထမဆုံး ဈေးကွက်ထိုးဖောက် ရောင်းချနိုင်အောင် ရက်လုပ်နေကြပါပြီ" ဟု လက်ပံကျင်းကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ဝန်းသိုမြို့နယ်သည် အဖိုးတန်သစ်များနှင့် ဝါးမျိုးစုံပေါက်ရောက်သည့် သစ်တောကြီးဝိုင်းများရှိပြီး အဆိုပါ သစ်တောကြီးဝိုင်းများမှ ဝါးများကို လက်ပံကျင်းရွာနှင့် ဒီးဒုတ်ကုန်း ကျောက်မြောင်း၊ ရွာသစ်ကုန်း၊ အောင်းကုန်းနမ့်လင်၊ ထုံးဘို၊ အင်းမ၊ တုံးကြိုတ်၊ ညောင်အင်းစသည့် ကျေးရွာများသည် လယ်ယာလုပ်ငန်းအပြင် မိရိုးဖလာခြင်းရက်ခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသောကြောင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံချက်အနေဖြင့် ကျန်ရှိရွာများကိုလည်း အလျဉ်းသင့်သလို ဝါးအခြေခံ လက်မှုထည်ပညာရပ်များကို ဆောင်ရွက်ပေးစေလိုသည့်ဆန္ဒများရှိကြောင်း သိရသည်။

**စိုင်းလှမင်း(မီဒီယာဂရု)**

ပြည်တွင်းရေးရာ

# မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် ယနေ့ဖွင့်မည်

**မင်းဘူး ဖေဖော်ဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ သမိုင်းဝင် ဗုဒ္ဓခြေတော်ရာနှစ်ဆူ ကိန်းဝပ်စံပယ်လျက်ရှိသော မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်(ယနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို ယင်းနေ့ နံနက် ၇ နာရီတွင် ကျင်းပမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးများ၊ ဈေးသည်ဈေးဝယ်များလည်း ကြိုတင်ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

မန်းရွှေစက်တော်ဘုရားအဝင် ၈ မိုင်လမ်း၊ ၃ မိုင်လမ်းများနှင့် အခြားအဆောက်အအုံများ၊ လမ်းများချဲ့ထွင်ပြုပြင်ထားကြောင်း၊ ဘုရားဖူးများတည်းခိုနိုင်ရေး တည်းခိုဆောင်များ ဆောက်လုပ်ခြင်း၊ယာဉ်ရပ်နားနိုင်ရန် ကားကြီးဝင်းများ တိုးချဲ့ပြင်ဆင်ထားခြင်း၊ သံဃာတော်များ တည်းခိုနိုင်ရန် သာသနာ့ဗိမာန် သုံးထပ်ကျောင်းဆောင်ဆောက်လုပ်ခြင်း၊ ဘုရားဖူးများရေချိုးနိုင်ရန် မန်းချောင်းရေပြင်ကို ရေနက်နေရာ၊ အန္တရာယ်ရှိနေရာများကို ဆိုင်းဘုတ်များ တပ်ဆင်ထားခြင်းတို့အပြင် မန်းရွှေစက်တော် ဗုဒ္ဓပူဇနိယဘုရားပွဲတော် ပြခန်းများကိုလည်းကြည့်ရှုနိုင်ရန် ပြင်ဆင်ထားကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

ထို့ပြင် မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးများအနေဖြင့် မကွေးမြသလွန်စေတီ၊ စက္ကိန်းတည်းစေတီ၊ စန္ဒကူးနံ့သာကျောင်းတော်ရာ၊ မလွန်မြသပိတ်စေတီ၊ နဂါးပွက်တောင် စသည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ထင်ရှားကျော်ကြားသည့် ဘုရားစေတီများ နေရာများကို တစ်ဆက်တစ်စပ်တည်းဝင်ရောက်ဖူးမြော်လေ့လာနိုင်မည်ဖြစ်သည်။

**ခင်သန်းဦး(ဖန်ခါးမြေ)**



ယမန်နှစ် မန်းရွှေစက်တော်မြင်ကွင်း။

# အမျိုးသမီးကင်းထောက် အခြေခံနည်းပြသင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ဂျပန်နိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့၏ ကူညီမှုဖြင့် မြန်မာအမျိုးသမီးကင်းထောက်အဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် အခြေခံကင်းထောက် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ကျင်းပသည်။



"အမျိုးသမီး ကင်းထောက်တွေပြန်ပြီးဖော်ထုတ်တဲ့အခါမှာ ကင်းထောက်နဲ့ဆိုင်တဲ့ အခြေခံပညာတွေ တတ်ဖို့လိုပါတယ်။ အထူးသဖြင့် ကျောင်းတွေ၊ တက္ကသိုလ်တွေမှာ နည်းပြတွေလည်း အများကြီးလိုပါတယ်။ ဂျပန်ကင်းထောက်အမျိုးသမီးအဖွဲ့ရဲ့အကူအညီနဲ့ သင်တန်းဖွင့်တာကြာပါပြီ။ ဒါတတိယအကြိမ်ပါ။မြန်မာနိုင်ငံကိုအကျိုးပြုမယ့် အမျိုးသမီးကင်းထောက်တွေအများကြီး မွေးထုတ်ပေးချင်တာကြောင့်ပါ။ နောက်ပြီး တက္ကသိုလ်က ဆရာမတွေရော၊ ကျောင်းသူတွေရော၊ ပြင်ပအဖွဲ့အစည်းက သူတွေကိုပါ ကင်းထောက်ပညာနဲ့ပတ်သက်ပြီး နည်းပြတွေဖြစ်ဖို့ ရည်မှန်းပြီး အခုလို သင်တန်းပေးတာပါ"ဟု မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့မှ ကင်းထောက်ချုပ် ဒေါ်တင်လှကြည်က ပြောသည်။

မြန်မာနိုင်ငံတွင် ကင်းထောက်အဖွဲ့ကို ၁၉၁၆ ခုနှစ်တွင်ဖွဲ့စည်းခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းခဲ့ရာမှ ၂၀၁၂ ခုနှစ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လက်ထက်တွင် ပြန်လည်ဖွဲ့စည်းခွင့်ပြုခဲ့ရာ မြန်မာနိုင်ငံတွင် မြန်မာကင်းထောက်အဖွဲ့နှင့် အမျိုးသမီးကင်းထောက်အဖွဲ့ဟူ၍ နှစ်ဖွဲ့ရှိပြီး အမျိုးသမီးကင်းထောက် အရေအတွက်မှာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအထိ အင်အား ၂၀၀၀၀ ကျော် ပြန်လည်စုစည်းနိုင်ခဲ့ကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

"အဓိက ကင်းထောက်ရဲ့ လှုပ်ရှားမှုက ဘာလဲဆိုတော့ စည်းလုံးညီညွတ်စွာနဲ့ အခက်အခဲတိုင်းကို ဘယ်လို ပူးပေါင်းအဖြေရှာမလဲ။ ဘယ်လိုကျော်လွှားမလဲ။ကလေးတွေတင်မကပါဘူး။ လူတိုင်းလူတိုင်း ဒီလိုအတွေးအခေါ် ဒီလိုအသိအမြင်တွေရှိသွားရင် ဖြစ်လာတဲ့အခက်အခဲတွေကို လွယ်လွယ်ကူကူ ကျော်လွှားနိုင်မယ်။ကျောင်းသူကျောင်းသားအဆင့်ကနေ လုပ်ငန်းခွင်ရောက်လာမယ်။ နောက်အကြီးအကဲဖြစ်လာမယ်။ခေါင်းဆောင်တွေဖြစ်လာမယ်။ ဒီလိုလူတွေကို ကောင်းမွန်တဲ့ စိတ်ဓာတ်တွေ၊ လမ်းကြောင်းမှန်တွေချပေးနိုင်ရင် တိုင်းပြည်အတွက်လည်း ကောင်းမယ်၊ သူတို့အတွက်လည်းကောင်းလာမယ်"ဟု မြို့မကျောင်းသားကင်းထောက်ကြီး တစ်ဦးဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦးကပြောသည်။

မြန်မာအမျိုးသမီး ကင်းထောက်အဖွဲ့အနေဖြင့် ၂၀၁၃ ခုနှစ် ဇွန် ၃၀ ရက်က တိုကျိုမြို့တွင် ပြုလုပ်သည့် အာရှပစိဖိတ်ဒေသ ကင်းထောက်အမျိုးသမီးညီလာခံတွင် မြန်မာနိုင်ငံအားအဖွဲ့ဝင်ပြန်ဖြစ်အောင် ကြိုးပမ်းနေသော နိုင်ငံအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရကြောင်း၊ ၂၀၁၄ ခုနှစ် ဇူလိုင် ၆ ရက်တွင် ဟောင်ကောင်မြို့၌ ပြုလုပ်သည့် (၃၅) ကြိမ်မြောက် ကမ္ဘာ့ကင်းထောက်အမျိုးသမီးများ ညီလာခံတွင်လည်း တွဲဖက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရကြောင်း သိရသည်။

"ကင်းထောက်အဖွဲ့အစည်းဆိုတာ လူမှုရေးသက်သက်အဖွဲ့အစည်းတစ်ခုပါ။ အများသူငါကို လိုအပ်တဲ့အချိန်မှာ ကူညီဖို့၊ ကူညီတတ်တဲ့စိတ်ရှိဖို့ ကိုယ်က ဘက်စုံတတ်နေရင် သူများအကူအညီလိုတဲ့အခါ ပေးနိုင်မယ်။ ရေလွှမ်းတဲ့အခါ၊ ငလျင်လှုပ်တဲ့အခါ၊ မီးဘေးသင့်တဲ့အခါတွေမှာ လိုအပ်တဲ့အခါ ကူညီနိုင်တာပေါ့။ ဒါ့ကြောင့် ဒီသင်တန်းမှာ ရှေးဦးပြုစုနည်း၊ ကြိုးချည်နည်း၊ တောလမ်းတစ်လျှောက်မှာ လမ်းမပျောက်အောင် အမှတ်အသားပြုနည်းတွေပါမယ်။ ကျောင်းက စာသင်ပေးတယ်။ ကင်းထောက်အဖွဲ့တွေက လိုအပ်တာတွေ ဖြည့်စွက်ပြီးသင်ကြားပေးမယ်။ ကလေးတွေမှာ ကင်းထောက်စိတ်ဝင်သွားရင် လူတော်လူကောင်းတွေဖြစ်လာမယ်။ နိုင်ငံလည်းတိုးတက်လာမယ်" ဟု ဒေါ်တင်လှကြည်က ဆက်ပြောသည်။

၂၀၁၃ ခုနှစ် ဩဂုတ်လတွင် ပထမအကြိမ် အခြေခံကင်းထောက်နည်းပြသင်တန်းကို ရန်ကုန်မြို့၌ လည်းကောင်း၊၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ဒုတိယအကြိမ် အခြေခံကင်းထောက်သင်တန်းကို နေပြည်တော်တွင်လည်းကောင်း နည်းပြသင်တန်းများ ပေးခဲ့ပြီး ယခုနှစ်တွင် ဖွင့်လှစ်သည့် နည်းပြသင်တန်းသို့ ရန်ကုန်တက္ကသိုလ်အပါအဝင် ရန်ကုန်တိုင်းဒေသကြီးရှိ တက္ကသိုလ် ရှစ်ခုမှ ဆရာမများ၊ ကျောင်းသူများနှင့် လူမှုအဖွဲ့အစည်းများမှ သင်တန်းသူစုစုပေါင်း ၆၈ ဦးတက်ရောက်မည်ဖြစ်ကာသင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၅ ရက်အထိဖြစ်ကြောင်း သိရသည်။

**(သတင်း၊ဓာတ်ပုံ-သီသီမင်း)**

# ပြည်ထောင်စုနေ့တွင်ပြုလုပ်သော မြန်မာအင်တာနေရှင်နယ်ပရိဘောဂပြပွဲ ပြည်တွင်း၊ပြည်ပခရီးသွားဧည့်သည်များဖြင့်စည်ကား

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

မြန်မာအင်တာနေရှင်နယ် ပရိဘောဂပြပွဲ (Myanmar International Furniture Expo 2016) ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့) နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက် စွာကျင်းပခဲ့သည်။ ပြပွဲကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းနှင့် သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပြပွဲလာပြည်တွင်း၊ ပြည်ပခရီးသွားများက လာရောက်ကြည့်ရှုလေ့လာဝယ်ယူခဲ့ကြကြောင်း သိရသည်။**(အောက်ပုံ)**

သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဉာဏ်ဝင်းက "ကျွန်တော်တို့အသင်းအနေနဲ့ ဦးဆောင်ပြီးလုပ်တဲ့ပြပွဲပါ။ အသင်းဝင်တွေနဲ့အသင်းသူ၊ အသင်းသားလုပ်ငန်းရှင်တွေက သူတို့ရဲ့ထွက်ကုန်တွေကို လွယ်လွယ်ကူကူနဲ့ပြချင်လာအောင်နဲ့ ပြနိုင်လာအောင် ဒီပြပွဲကို လုပ်ဆောင်လိုက်တာပါ။ ခုဆိုရင်ဒီပွဲမှာအသင်းဝင်ကုမ္ပဏီတွေက ၄၀ ထိ မြင့်တက်လာခဲ့ပါတယ်။ အဓိကတော့ ဒီပြပွဲကိုလာရောက်ကြည့်ရှုကြတဲ့ပြည်သူတွေအတွက် ပြခန်းမျိုးစုံကပစ္စည်းတွေကို တစ်နေရာတည်းမှာ ကြည့်ရှုဝယ်ယူနိုင်ကြမှာမို့ပါ။ ဈေးနှုန်းများအတွက်လည်း ပြခန်းသမားတွေက တတ်နိုင်သလောက်ဈေးလျှော့ရောင်းချပေးနေကြပါတယ်" ဟုပြောသည်။

ပြပွဲသို့လာရောက်သော လသာမြို့နယ်တွင် နေထိုင်သည့် ဦးဖုန်းက "ပရိဘောဂပြပွဲဆိုတာကတော့ စိတ်ဝင်စားဖို့ကောင်းပါတယ်။ ပြီးတော့ ခုနောက်ပိုင်းလုပ်တဲ့ပြခန်းတွေကလည်း တိုးတက်လာတာလေးတွေကို မြင်တွေ့ရပါတယ်။ ပစ္စည်းဈေးနှုန်းတန်ဖိုးတွေကလည်း အရင်ထက်စာရင်သက်သာလာတာကို တွေ့ရပါတယ်။ ထုတ်လုပ်မှုတွေကလည်းတော်တော်များလာပြီလေ။ အရင်ပရိဘောဂပြပွဲတွေတုန်းကလည်း ကျွန်တော်တို့မိသားစုတွေလာကြည့်ဖြစ်ခဲ့ပါတယ်။ အရင်တုန်းကဆိုပရိဘောဂလုပ်ငန်းတွေမှာ ပေါလစ်တင်တာတွေကသိပ်မမိဘူးလေ။ ခုကျတော့ အရင်ထက်စာရင် ပရိဘောဂလုပ်ငန်းတွေမှာ ပေါလစ်တင်တာတွေက တော်တော်တိုးတက်လာတာကို တွေ့ရပါတယ်"ဟု ၎င်း၏အမြင်ကို သုံးသပ်ပြောကြားသည်။

ပြီးခဲ့သည့်နှစ်က ခင်းကျင်းပြသခဲ့သော ပရိဘောဂပြပွဲတွင် ပြခန်းပေါင်း ၁၆၄ ခန်းသာရှိခဲ့ပြီး ယခုပြပွဲတွင် ပြခန်းပေါင်း ၁၇၁ ခန်းရှိခဲ့ကာ Extra အပါအဝင်ပြခန်းပေါင်း ၁၇၄ ခန်းထိမြင့်တက်ခဲ့ကြောင်း၊ ပြပွဲကိုလည်း ဖေဖော်ဝါရီ ၁၅ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း၊ ထို့အပြင်မြန်မာနိုင်ငံကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းနှင့် သစ်အခြေခံ ပရိဘောဂလုပ်ငန်းရှင်များအသင်းတို့မှ စင်ကာပူနိုင်ငံ၌ ပူးပေါင်းကျင်းပမည့်အာဆီယံ FURNITRUE ပြပွဲကို လာမည့် မတ် ၉ ရက်မှ ၁၂ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ထိုပြပွဲတွင်လည်း ကုမ္ပဏီပေါင်း ၁၂ ခုမှ ပရိဘောဂလက်မှုအသင်းများအနေဖြင့် ပန်း၁၀ မျိုးကို အသားပေးပြသသွားမည်ဖြစ်ပြီး ရုပ်သေးပစ္စည်းများ၊ ပရိဘောဂပစ္စည်းများအစုံအလင် ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း၊ မြန်မာအင်တာနေရှင်နယ်ပရိဘောဂပြပွဲအနေဖြင့် လာမည့်စက်တင်ဘာလတွင် နိုင်ငံတကာအဆင့်ကုန်စည်ပြပွဲများ ကျင်းပနိုင်ရန်အတွက် စင်ကာပူနိုင်ငံမှ Singapore Furniture Industry Council နှင့် MOU လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်မှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**(စိုးဝင်း-MLA)**






# နမ့်ဆန်မီးဘေးသင့်ပြည်သူများအတွက် ဝမ်ဟိုင်းဒေသမိသားစုများက အလှူငွေကျပ်သိန်း ၃၀၀ လာရောက်လှူဒါန်း

**နမ့်ဆန် ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ်မှ ဆရာတော်ကြီးများ၏ ဩဝါဒခံယူ၍ ဝမ်ဟိုင်းဒေသမိသားစုများက ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ မီးဘေးဒုက္ခသည်များအတွက် အလှူငွေကျပ်သိန်း ၃၀၀ ကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၁ နာရီက နမ့်ဆန်မြို့ ဂိုဏ်းချုပ်ကျောင်း၌ ဖွင့်လှစ်ထားရှိသော မီးဘေးဒုက္ခသည်ကယ်ဆယ်ရေးစခန်းသို့ လာရောက်လှူဒါန်းကြရာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်နှင့် အဖွဲ့ဝင်များက လက်ခံရယူသည်။

နမ့်ဆန်မြို့ မီးဘေးဒုက္ခသည်များအတွက် စေတနာရှင် တိုင်းရင်းသားပေါင်းစုံနှင့် ရပ်နီးရပ်ဝေးမှ အလှူရှင်များက အစားအစာများ၊ အဝတ်အထည်များကို နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိကြသဖြင့် အထူးပင်ဝမ်းသာကျေးဇူးတင်ရပါကြောင်း၊ ယခုအခါမီးဘေးဒုက္ခသည်များအတွက် ပြန်လည်နေရာချထားရန် ဆောင်ရွက်သွားရမည်ဖြစ်၍ ငွေကြေး(သို့မဟုတ်)အိမ်ဆောက်ပစ္စည်းများကို အဓိကလိုအပ်လျက်ရှိပါကြောင်းဖြင့် ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်က ယင်းအလှူငွေပေးအပ်ပွဲ၌ မီဒီယာများအား ပြောကြားခဲ့သည်။ **(သီပေါကိုလတ်)**

❖ **ကြေးစားနပန်းမှ**

အိုရှင်း(ဂျပန်)နှင့် ချယ်ရီ (ဩစတြေးလျ)တို့အတွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

ပထမဆုံးကျင်းပသည့် နပန်းပွဲဖြစ်သည့်အလျောက် ပရိသတ်လာရောက်ကြည့်ရှုမှု နည်းခဲ့သော်လည်း ပရိသတ်အားပေးမှုအထူးရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ကျပ်သိန်းနှစ်ထောင်ကျော် ကုန်ကျခံပြီး ၎င်းအတွက် စပွန်ဆာများကို နိုင်ငံခြားမှရရှိအောင် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ ယခုကျင်းပသည့် နပန်းပွဲများကို လာမည့်နှစ်များတွင် မြန်မာနိုင်ငံ၌ ကျင်းပနိုင်ရန် စီစဉ်ထားပြီး မြန်မာ့ရိုးရာလက်ဝှေ့ပွဲစဉ်များကိုလည်း ဂျပန်နိုင်ငံတွင် ကျင်းပနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းစဉ်။

# မီးဘေးဒုက္ခသည်များက လက်ခံရရှိသောကယ်ဆယ်ရေးပစ္စည်းများကို ကျောက်မဲမြို့မှ တိုက်ပွဲရှောင်ဒုက္ခသည်များသို့ မျှဝေလှူဒါန်းကြမည်

**ကျောက်မဲ ဖေဖော်ဝါရီ ၁၂**

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများသည် မိမိတို့လက်ခံရရှိခဲ့ကြသည့် စေတနာရှင်များ လှူဒါန်းထားသော အစားအစာများ၊ အဝတ်အထည်များထဲမှ ကျောက်မဲမြို့ ဘုန်းတော်ကြီးကျောင်းအချို့၌ ရောက်ရှိခိုလှုံနေကြရသည့် တိုက်ပွဲရှောင်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားစွာ ခွဲဝေပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။

အဆိုပါနမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများမှ ကျောက်မဲမြို့ရှိ တိုက်ပွဲရှောင်ဒုက္ခသည်များထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ခွဲဝေပေးပို့လှူဒါန်းသွားမည့် အစီအစဉ်ကို နမ့်ဆန်မြို့သို့ အလှူငွေကျပ် ၅၇ သိန်း လာရောက်လှူဒါန်းသော လားရှိုးမြို့ မန်ဆူရှမ်းကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒ၊ နမ့်ဆန်မြို့ ဂိုဏ်းချုပ်ကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိက(ကမ္မဋ္ဌာနာစရိယ)နှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ကျော်တို့အား ဖေဖော်ဝါရီ ၁၁ ရက် နံနက်က လျှောက်ထားအသိပေးတင်ပြခဲ့ကြရာ ဆရာတော်များနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဝမ်းမြောက်ဝမ်းသာစွာ သာဓုခေါ်ဆိုကြကြောင်း သိရသည်။ **(သီပေါကိုလတ်)**

# လပွတ္တာမီးဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ကာ မီးလောင်မှုအမျိုးမျိုးဖြစ်ပေါ်ခဲ့ပြီး ရန်ကုန်တွင် မင်္ဂလာဈေးမီးလောင်မှု၊ လပွတ္တာမြို့ မီးလောင်မှုနှင့် နမ့်ဆန်မြို့ မီးလောင်မှုတို့မှာ ဆုံးရှုံးမှုတန်ဖိုးအများဆုံးဖြင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်ခဲ့ရာ လပွတ္တာမြို့ မီးလောင်မှုကြောင့် မီးဘေးသင့်ခဲ့သည့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ထားရှိမှုနှင့်စပ်လျဉ်း၍ လပွတ္တာမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ ဒုတိယတပ်ရင်းမှူး ဦးမောင်မောင်မြင့်အား တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။**

မေး။ ။ လပွတ္တာကြက်ခြေနီတပ်ရင်းအနေနဲ့ မီးဘေးသင့်ပြည်သူတွေကို Family Kit တွေ ဝေပေးနေတဲ့ အကြောင်း ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ ။ ဒီနေ့ဝေတာက နောက်ဆုံးကျန်ခဲ့တဲ့ အမှတ်(၄) ရပ်ကွက်က ပြည်သူတွေကို ဝေတာပါ။ ရှေ့ရက်တွေက အမှတ်(၁)ရပ်ကွက်နဲ့ အမှတ်(၅)ရပ်ကွက်က ပြည်သူတွေကို ဝေပေးပြီးပါပြီ။ စုစုပေါင်း အိမ်ထောင်စု ၃၀၈ စုကို ဝေပေးခဲ့ပါတယ်။

မေး။ ။ Family Kit တွေထဲမှာ ပြည်သူတွေအတွက် ဘယ်လိုအသုံးဝင်တဲ့ပစ္စည်းတွေ ပါပါသလဲ။

ဖြေ။ ။ ကျွန်တော်တို့ဝေတဲ့ Family Kit ထဲမှာ အသုံးအဆောင်ပစ္စည်း ၁၃ မျိုးပါပါတယ်။ အဝတ်အထည်၊ ခြင်ထောင်၊ စောင်၊ပုဆိုး၊ ဆန်၊ အင်္ကျီတွေအပါအဝင် ဒန်အိုး၊ ပန်းကန် စတဲ့ပစ္စည်းတွေ လေးယောက်စာပါတယ်။

မေး။ ။ မီးဘေးသင့်ချိန်မှာ ကြက်ခြေနီတပ်ဖွဲ့က ဘယ်လိုကူညီခဲ့ပါသလဲ။

ဖြေ။ ။ မီးလောင်စဉ်တုန်းက ရှာဖွေကယ်ဆယ်ရေးကို ကျွန်တော်တို့ လုပ်ပါတယ်။ လူတွေ ထိခိုက်ဒဏ်ရာမရဖို့၊ သေဆုံးမှုမရှိဖို့၊ ပိတ်မိပြီး ကျန်နေတာတွေမဖြစ်ဖို့ အတတ်နိုင်ဆုံး ရှာဖွေကယ်ဆယ်ရေးလုပ်ပါတယ်။ ထိခိုက်ဒဏ်ရာရသူတွေကို ဆေးရုံပို့တယ်။ အန္တရာယ်ကင်းတဲ့နေရာရောက်အောင် ပို့ဆောင်ပေးခဲ့ပါတယ်။ အဲဒီအပိုင်းတွေ ပြီးတဲ့နောက် မီးဘေးကယ်ဆယ်ရေးစခန်းဖွင့်ဖို့အတွက် ဦးဆောင်စီစဉ်ပါတယ်။ ဒါ့အပြင် အခုထိတော့ ကယ်ဆယ်ရေးစခန်းမှာ ပစ္စည်းတွေဖြန့်ဝေပေးတဲ့လုပ်ငန်းတွေ လုပ်ပေးနေပါတယ်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ပံ့ပေးမှုတွေရှိသလို အလှူရှင်တွေရဲ့ ထောက်ပံ့လှူဒါန်းမှုအပိုင်းအတွက် လိုအပ်တဲ့အခါ ကယ်ဆယ်ရေးစခန်းမှာရှိတဲ့ တာဝန်ရှိသူတွေနဲ့ ပူးပေါင်းကူညီဆောင်ရွက်ပေးပါတယ်။

မေး။ ။ မီးလောင်စဉ်က ထိခိုက်ဒဏ်ရာရရှိခဲ့သူတွေ ရှိပါသလား။

ဖြေ။ ။ ကြီးကြီးမားမား ထိခိုက်ဒဏ်ရာရရှိမှုမျိုးတော့ မရှိပါဘူး။ ဒဏ်ရာရတဲ့သူ နှစ်ယောက်တော့ ရှိပါတယ်။ တစ်ယောက်က မီးသတ်တပ်ဖွဲ့ဝင်ပါ။ မနက်မိုးလင်းခါနီးမှ ပိုက်ခေါင်းပိမိပြီး ဗိုက်အောင့်သွားတယ်။ ထိခိုက်မှုက



ဦးမောင်မောင်မြင့်။

သိပ်မများပေမယ့် မီးငြိမ်းစဉ်က ပင်ပန်းထားတဲ့အတွက် တစ်နေ့လောက်တော့ ခံစားသွားရတယ်။ နောက်တစ်ယောက်က မီးသတ်ပိုက်ကဖျန်းတဲ့ရေ မျက်လုံးကို ထိမိသွားတာ။ အဲဒါကတော့ ပြည်သူတစ်ဦးပါ။ နှစ်ယောက်လုံးကောင်းသွားပါပြီ။

မေး။ ။ လက်ရှိကယ်ဆယ်ရေးစခန်းမှာ ပြည်သူတွေအတွက် ကျန်းမာရေးအခက်အခဲတွေ ရှိပါသလား။

ဖြေ။ ။ မရှိပါဘူး။ ရှေးဦးပြုစုရေးအပိုင်းအတွက် လိုအပ်တဲ့ ပစ္စည်းတွေလည်း ကျွန်တော်တို့မှာ အပြည့်အစုံ ရှိပါတယ်။ လိုအပ်တာတွေကိုလည်း မြန်မာနိုင်ငံကြက်ခြေနီအသင်းက တိုက်ရိုက်ထောက်ပံ့ပေးပါတယ်။ ဖြစ်ဖြစ်ချင်းမှာ တိုင်းဦးစီးမှူး ဦးမြင့်ငွေကိုယ်တိုင်လာပြီး အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးပါတယ်။

မေး။ ။ ကယ်ဆယ်ရေးစခန်းမှာ မီးဘေးသင့်ပြည်သူတွေ ကျန်းမာရေးချို့တဲ့နေတာမျိုးရော ရှိပါသလား။

ဖြေ။ ။ ရှိတော့ ရှိပါတယ်။ တစ်နေ့ကို အနည်းဆုံး ၂၅ ဦးကနေ ၃၀ အထိ ဆေးကုသပေးနေပါတယ်။ ကြီးမားတဲ့ ဝေဒနာမျိုးမဟုတ်တောင် နဂိုကတည်းက ရှိပြီးသား ဆီးချို၊ နှလုံး၊ သွေးတိုး စတာတွေ၊ နောက်ပြီး စိတ်ထိခိုက်ထားတဲ့အတွက် ခေါင်းမူး၊ ရင်တုန်စတာတွေရှိပါတယ်။

မေး။ ။ လက်ရှိကယ်ဆယ်ရေးစခန်းမှာ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ပတ်သက်ပြီး ဆောင်ရွက်ချက်ကို ပြောပြပေးပါ။

ဖြေ။ ။ အခုကျွန်တော်တို့ကယ်ဆယ်ရေးစခန်းမှာ ခုတင် (၂၀၀)ဆံ့ ဆေးရုံကနေ ဆရာဝန်သုံးဦး၊ သူနာပြုငါးဦးနဲ့ အဖွဲ့ရယ် အနောက်တောင်တိုင်းစစ်ဌာနချုပ် အမှတ်(၃) ဆေးတပ်ရင်းက တစ်ဖွဲ့ရယ်က ဆေးခန်းနှစ်ခုကို ကယ်ဆယ်ရေးစခန်းမှာပဲ နေ့ည ၂၄ နာရီပတ်လုံး ဖွင့်လှစ်ကုသစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ အခုအချိန်အထိ ဆေးရုံကိုလွှဲရတဲ့လူနာမျိုး မရှိပါဘူး။ ဖြစ်နေကျရောဂါတွေ ပြန်ဖြစ်ကြတာများပါတယ်။

မေး။ ။ လပွတ္တာကြက်ခြေနီတပ်ရင်းအနေနဲ့ မီးဘေးသင့်ပြည်သူတွေနဲ့ပတ်သက်ပြီး ဖြည့်စွက်ပြောချင်တာရှိရင်လည်း ပြောကြားပေးပါ။

ဖြေ။ ။ အခုအချိန်မှာ မီးဘေးသင့်ပြည်သူတွေ အမြန်ဆုံးပြန်လည်ထူထောင်နိုင်ဖို့ လိုအပ်နေပါတယ်။ နေအိမ်တွေ ပြန်လည်ဆောက်လုပ်ဖို့အတွက် သွပ်၊ သံ၊ သစ်စတဲ့ အိမ်ဆောက်ပစ္စည်းတွေ လိုအပ်ပါတယ်။ နိုင်ငံတော်အပြင် အနယ်နယ်အရပ်ရပ်က အလှူရှင်တွေ ဝိုင်းဝန်းလှူဒါန်းပေးနိုင်ရင် မီးဘေးသင့်ပြည်သူတွေ အမြန်ဆုံးဦးမော့လာနိုင်မယ်လို့ မျှော်လင့်ပါတယ်။ လှူဒါန်းပေးဖို့လည်း ဖိတ်ခေါ်ချင်ပါတယ်။

အဆိုပါ လပွတ္တာမြို့ မီးလောင်မှုသည် ဖေဖော်ဝါရီ ၄ရက် ညဉ့်ဦးပိုင်းတွင် စတင်လောင်ကျွမ်းခဲ့ပြီး ဖေဖော်ဝါရီ ၅ ရက် နံနက် ၁ နာရီတွင် မီးထိန်းနိုင်ခဲ့ကာ နံနက် ၃ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ ယင်းမီးလောင်မှုဖြစ်ပွားစဉ်တွင် လပွတ္တာ၊ မြောင်းမြ၊ ဝါးခယ်မ၊ အိမ်မဲ၊ ကန်ကြီးထောင့်၊ ပုသိမ်၊ ကျောင်းကုန်း၊ ပန်းတနော်စသည့် မီးသတ်ဌာနချုပ်များမှ မီးငြိမ်းသတ်ယာဉ် ၁၇ စီး၊ ရေသယ်ယာဉ် ခြောက်စီး၊ မီးသတ်စက်ယာဉ် တစ်စီး၊ ကွပ်ကဲမှုယာဉ် နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရကြောင်း လပွတ္တာခရိုင် မီးသတ်ဦးစီးဌာနမှ သိရသည်။

လပွတ္တာမြို့ မီးလောင်မှုဖြစ်စဉ်အား စစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် လပွတ္တာမြို့နယ် အမှတ်(၅)ရပ်ကွက် ဈေးသီရိသဲလမ်းရှိ ပိုင်ရှင်ဦးနေဝင်းထွန်း၏ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း နှစ်ထပ်အိမ်တွင် နေအိမ်အတွင်းရှိ ဟောင်းနွမ်းဆွေးမြည့်နေသော ဝါယာကြိုးများ အပူလွန်ကဲရာမှ မီးလောင်မှုစတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် လပွတ္တာမြို့ အမှတ်(၅) ရပ်ကွက်ရှိ နေအိမ် ၁၉ လုံး၊ ဈေးဆိုင်ခန်း ၂၀၊ အမှတ်(၁) ရပ်ကွက်ရှိ နေအိမ် ၁၀ လုံး၊ အမှတ်(၄) ရပ်ကွက်ရှိ နေအိမ်အလုံး ၁၅၀ စုစုပေါင်း လူနေအိမ် ၁၇၉ လုံး မီးလောင်ပျက်စီးခဲ့ပြီး အိမ်ထောင်စု ၁၉၅ စုမှ အမျိုးသား ၃၅၆ ဦး၊ အမျိုးသမီး ၄၀၅ ဦး စုစုပေါင်း ၇၆၁ ဦး မီးဘေးသင့်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် "ပြည်သူတွေကို ကျွန်တော်တို့တပ်ဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်စေချင်ပါတယ်။ ညွှန်ကြားချက်တွေကို တိတိကျကျ လိုက်နာစေချင်ပါတယ်။ အဓိက စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ကျွန်တော်တို့ဘက်က ဆောင်ရွက်ပါလို့ပြောတာတွေကို တိတိကျကျ လိုက်နာပေးဖို့လိုပါတယ်။ မီးလောင်ပြီဆိုရင်လည်း တာဝန်သိပြည်သူတွေအနေနဲ့ ဝိုင်းဝန်းကူညီတဲ့အခါမှာ လုပ်ငန်းဆောင်ရွက်တာကို အနှောင့်အယှက်ဖြစ်စေမယ့် အပြုအမူတွေ ရှောင်သင့်ပါတယ်။ ရန်လိုတဲ့အပြုအမူတွေ မပြုမိဖို့ သတိပြုစေချင်ပါတယ်။ ကူညီတာတော့ မှန်တယ်။ အခုဖြစ်စဉ်မှာဆို ကျွန်တော်တို့ကားတွေရဲ့ မီးသတ်ရေပိုက်တွေကို အတင်းဆွဲလုတယ်။ ပိုက်ခေါင်းတွေ ထုခွဲရိုက်ဖြုတ်တာတွေ ကြုံခဲ့ရတယ်။ မီးသတ်ယာဉ်သုံးပစ္စည်းတွေကို လက်နက်တွေနဲ့ ထုတယ်။ ဒီတော့ မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်လာရတယ်"ဟု လပွတ္တာခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်မျိုးမြင့်က ပြောသည်။

ထို့ပြင် မီးဘေးအန္တရာယ်ကျရောက်လာချိန်တွင်လည်း ပြည်သူများအားလုံး သတိရှိကြဖို့လိုကြောင်း၊ ပြည်သူများအနေဖြင့် မီးလောင်မှုဖြစ်ပွားပါက မီးသတ်တပ်ဖွဲ့တစ်ခုထဲတွင်သာ တာဝန်ရှိသည်ဟုမခံယူဘဲ အားလုံးတွင်တာဝန်ရှိသည်ဟု ခံယူထားသင့်ကြောင်း၊ ပြည်သူတစ်ဦးချင်းတစ်ယောက်ချင်းစီ လိုက်နာရမည့် သတိပေးစည်းကမ်းများကိုလည်း လိုက်နာသင့်ကြောင်း၊ ပွင့်လင်းရာသီရောက်လာချိန်တွင် မီးသတ်ဦးစီးဌာန၏ ထုတ်ပြန်ချက်များအတိုင်း တိတိကျကျ လိုက်နာပေးရန်လိုကြောင်း လပွတ္တာခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်မျိုးမြင့်က ဆက်လက်ပြောကြားခဲ့သည်။ **သတင်းနှင့် ဓာတ်ပုံ-သူဇာနွယ်(ဖျာပုံ)**

## ပြည်တွင်းရေးရာ

❐ ကျောဖုံးမှ

နံနက် ၅ နာရီမှစတင်ထွက်ခွာ၍ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ထို့နောက် နံနက် ၅ နာရီခွဲတွင် (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကိုကျင်းပရာ တိုင်းရင်းသားတိုင်းရင်းသူများနှင့်အတူ အလံတင်အဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား လွှင့်တင်သည်။

ဆက်လက်၍ (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုခြင်းအခမ်းအနားကို နံနက် ၇ နာရီတွင် ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂုဏ်ပြုတပ်ဖွဲ့သည် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူသည်။

ယင်းနောက် (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပသည့် မြို့တော်ခန်းမ ဥပစာရင်ပြင်စင်မြင့်ပေါ်၌ နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။

ထို့နောက် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော် တရားသူကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှဝန်ထမ်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားတိုင်းရင်းသူ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်းအင်အား ၂၃၂၀ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းရေးသန္နိဋ္ဌာန်ချရာ ပင်လုံမြေတွင် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပ ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့သူများ၏ ရုပ်ပုံပါအထိမ်းအမှတ်သစ်ပင်နှင့် အပန်းဖြေဥယျာဉ်ဖွင့်

**တောင်ကြီး ဖေဖော်ဝါရီ ၁၂**

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည့် သမိုင်းဝင်ပြည်မ တောင်တန်း ပူးပေါင်းရေးစာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီး တိုင်းရင်းသားများနှင့် သွေးစည်း ညီညွတ်စေခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ ပြည်ထောင်စုကျောက်တိုင်ကွင်း၌ (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။ ရှေးဦးစွာ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နမ့်စန်လေတပ်စခန်းဌာနချုပ်မှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသောရဲဘော်အပေါင်းအား အလေးပြုကြသည်။



ပင်လုံပြည်ထောင်စုကျောက်တိုင်ပန်းခြံ အပိုင်း(၂)ဖွင့်ပွဲသို့ တက်ရောက်လာကြသူများ ပင်လုံကျောက်တိုင်နှင့် အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။ ဓာတ်ပုံ-မိုးလွင်ဦး(လွိုင်လင်)

ဆက်လက်၍ (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့လာသည့် နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာအား ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဖတ်ကြားသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍အခမ်းအနားသို့ တက်ရောက်လာကြသည့် ရှမ်း၊ ကချင်၊ ကယန်း၊ ပအိုဝ်း၊ ဓနု၊ အခါ၊ ပလောင်၊ အင်းသား၊ တောင်ရိုး၊ ဗမာ၊ ကိုးကန့် စသည့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် တိုင်းရင်းသားပြည်သူများ စုပေါင်းပြီး ထာဝရသစ္စာသီချင်းကို တပျော်တပါး စုပေါင်းသီဆိုကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပင်လုံစာချုပ်လက်မှတ်ရေးထိုးရာတွင် မူလပါဝင်ခဲ့ကြသည့် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် တိုင်းရင်းသားကိုယ်စားလှယ် ၂၃ ဦး၏ ရုပ်ပုံပါအထိမ်းအမှတ် ပန်းချီကားများ၊ ကလေးကစားကွင်းနှင့် အပန်းဖြေဥယျာဉ်ဖွင့်ပွဲအထိမ်းအမှတ် မုခ်ဦးသို့ ရောက်ရှိပြီးနောက် ပြည်နယ်ဝန်ကြီးများက အထိမ်းအမှတ်ပန်းချီကားများ၊ ကလေးကစားကွင်းနှင့် အပန်းဖြေဥယျာဉ်မင်္ဂလာမုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးခဲ့သည်။ ၎င်းနောက် ရုပ်ပုံပန်းချီကားများနှင့် ကလေးကစားကွင်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပင်လုံမြို့ မဟာရဋ္ဌ ဘိသာမဂ္ဂီစေတီတော်မြတ်ကြီးသို့ရောက်ရှိပြီးနောက် ပင်လုံမြို့ ဓာတ်တော်ကျောင်းတိုက် ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ စေတီတော်ကြီးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အလှူငွေကျပ်သိန်း ၃၀၀ ပေးအပ်လှူဒါန်းပြီး ရေစက်သွန်းချ တရားတော်နာယူခဲ့ကြသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပင်လုံစာချုပ်၌ လက်မှတ်ရေးထိုးကြသူများမှာ ဗိုလ်ချုပ်အောင်ဆန်း(မြန်မာကိုယ်စားလှယ်)၊ စဝ်ခွန်ပန်းစိန်(တောင်ပိုင်းစော်ဘွား)၊ စဝ်ရွှေသိုက်(ညောင်ရွှေစော်ဘွား)၊ စဝ်ဟုံဖ(သိန္နီစော်ဘွား)၊ စဝ်နွံ(လဲချားစော်ဘွား)၊ စဝ်စံထွန်း (မိုင်းပွန်စော်ဘွား)၊ စဝ်ထွန်းအေး(သာမိုင်းခမ်းစော်ဘွား)၊ ဦးခွန်ဖုံး၊ ဦးတင်အေး၊ ဦးကြာပု၊ စဝ်ယိပ်ဖ၊ ဦးခွန်ထီး၊ ဦးထွန်းမြင့်၊ ဦးခွန်စော၊ ဦးဖြူ(ရှမ်းကော်မတီ)၊ ဆမားဒူးဝါးဆင်ဝါးနောင်၊ ဒူဝါးဇော်ရစ်၊ ဦးဒိန်ရတန်၊ ဒူးဝါးဇော်လွန်း၊ ဦးလဘန်ဂရောင်(ကချင်ကော်မတီ)၊ ဦးလွှာမုန်း၊ ဦးသောင်ဇာခုပ်၊ ဦးကီယိုမာန်(ချင်းကော်မတီ)စသည့် အဖွဲ့ဝင် ၂၃ ဦးက ပင်လုံမြေ၌ စတင်သန္နိဋ္ဌာန် လက်မှတ်ရေးထိုးခဲ့ကြပြီး ပြည်မတောင်တန်း ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**နိုင်ထွန်း(TGI)**

■

# အိန္ဒိယနိုင်ငံသို့သွားရန် အခက်အခဲဖြစ်နေသည့် အင်္ဂလန်နိုင်ငံသူအား ရဲတပ်ဖွဲ့မှ ကူညီပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၄ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီး ပျော်ဘွယ်အနောက်ရပ်ကွက် ၂၉ × ၃၀ လမ်းကြား ၈၆ လမ်းပေါ်တွင် နိုင်ငံခြားသူတစ်ဦးက မြန်မာဘာသာဖြင့် “အိန္ဒိယသွားရန် အကူအညီလိုအပ်နေပါသည်” အင်္ဂလိပ်ဘာသာဖြင့် "Can you help get to India Thank you" ဟုရေးသားထားသော ကတ်ထူပြားအား ကိုင်ဆောင်၍ အလှူခံနေကြောင်း သတင်းအရ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စု(မန္တလေး)မှ တပ်ဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများ၊ သတင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရန် လိုက်လံစုံစမ်းရှာဖွေခဲ့သည်။ ထိုသို့ ရှာဖွေနေစဉ် ယင်းနေ့ ည ၈ နာရီတွင် ချမ်းအေးသာစံအရှေ့ရပ်ကွက် (၂၇)လမ်း၊ ၇၉ × ၈၀ လမ်းကြားတွင် လိုက်လံအလှူခံနေသည့် အဆိုပါနိုင်ငံခြားသူအားတွေ့ရှိသဖြင့် မေးမြန်းရာ အင်္ဂလန်နိုင်ငံသူ Ms. Adele Hannah Groom (၃၂)နှစ်ဖြစ်ပြီး အိန္ဒိယနိုင်ငံသို့သွားမည်ဖြစ်ကာ ဗီဇာလျှောက်ထားရန်အတွက် ငွေကြေးအခက်အခဲဖြစ်နေသဖြင့် လှည့်လည်အကူအညီ တောင်းခံနေခြင်းဖြစ်ကြောင်း၊ အောင်မြေသာစံမြို့နယ်ရှိ Garden Hotel တွင် တည်းခိုနေသော သူငယ်ချင်းဖြစ်သူ ဘယ်လ်ဂျီယံနိုင်ငံသူထံတွင် အသုံးအဆောင်နှင့် ခရီးဆောင်အိတ်များအား အပ်နှံထားကြောင်းသိရ၍ ဟိုတယ်သို့ တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် လိုက်လံပို့ဆောင်ပေးခဲ့သည်။ ထို့နောက် အင်္ဂလန်နိုင်ငံသူက အခက်အခဲများအား သံရုံးတွင်တင်ပြလိုကြောင်းပြောသဖြင့် အင်္ဂလန်သံရုံးရှိရာ ရန်ကုန်သို့ ခရီးသည်တင်ယာဉ်ဖြင့် တပ်ဖွဲ့စု(မန္တလေး)မှ တပ်ဖွဲ့ဝင်များက ကူညီပို့ဆောင်ပေးခဲ့ပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တပ်ဖွဲ့ဝင်များထံ ဆက်လက် ကူညီဆောင်ရွက်ရန် ဆက်သွယ် အကြောင်းကြားခဲ့သည်။ ၁၁-၂-၂၀၁၆ ရက်တွင် အဆိုပါနိုင်ငံသူရောက်ရှိလာသည့် အဝေးပြေးကားဝင်းတွင် တပ်ဖွဲ့စု(ရန်ကုန်)မှ တပ်ဖွဲ့ဝင်များက သွားရောက်စောင့်ဆိုင်း၍ အင်္ဂလန်သံရုံးသို့ အငှားယာဉ်ဖြင့် လိုက်လံပို့ဆောင်ပေးခဲ့ရာ သံရုံးမှဒုတိယကောင်စစ်ဝန်က လက်ခံထားရှိပြီး ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ရဲပြန်ကြား)**



# ပုသိမ်-ချောင်းသာလမ်း ခရီးသည်တင်မှန်လုံယာဉ်တိမ်းမှောက်

**ပုသိမ် ဖေဖော်ဝါရီ ၁၂**

ပုသိမ်မြို့ အမှတ်(၂)နယ်မြေ ချောင်းသာကားဂိတ်မှ ဖေဖော်ဝါရီ ၁၂ ရက် မွန်းတည့် ၁၂ နာရီက ယာဉ်မောင်း အောင်မင်းနိုင် မောင်းနှင်သော သီဟမှန်လုံယာဉ် AYY-4B/--- ယာဉ်သည် ခရီးသည် ၅၁ ဦး တင်ဆောင်၍ ချောင်းသာလမ်းအတိုင်း ပုသိမ်ဝေန်မြစ်ကူးကြိုးတံတားကို ဖြတ်ကျော်၍ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် ၄/၇ နှင့် ၄/၆ ကြား ကျောက်ချောင်းကြီးကျေးရွာအုပ်စု ထန်းခြောက်ပင် ရှမ်းကုန်းကြီးကျေးရွာ သပြုချောင်းတံတားအကျယ် ၂၄ ပေ အတွင်းအရောက်၌ ချောင်းသာဘက်မှ ယာဉ်ကြောမျက်နှာချင်းဆိုင် မောင်းနှင်လာသော ယာဉ်မောင်း ထွန်းဇော်ဦး မောင်းနှင်လာသည့် ယန္တရားကုန်တင်ယာဉ်နှင့် ချိတ်ဆက်မိရာမှ သီဟမှန်လုံယာဉ်မှာ တိမ်းမှောက်သွားခြင်း ဖြစ်သည်။ ယန္တရားကုန်တင်ယာဉ်မှာလည်း သပြုချောင်းတံတားအလွန် ဝဲဘက်ချောင်းထဲသို့ ထိုးကျသွားကြောင်း သိရသည်။ အဆိုပါယာဉ် တိမ်းမှောက်မှုကြောင့် သီဟမှန်လုံယာဉ်ဖြင့် လိုက်ပါလာသည့် ချောင်းသာခရီးသွား ၅၁ ဦးအနက် ၂၇ ဦးမှာ ပြင်းထန်စွာဒဏ်ရာရရှိသွားကြသဖြင့် ပုသိမ်မြို့ပေါ်ရှိ မေတ္တာရိပ်၊ ကရုဏာ၊ မြတ်မေတ္တာ၊ မြတ်စေတနာ၊ မနောဖြူရွှေပါရမီ၊ ဗြဟ္မစိုရ်၊ လူမှုကူညီရေးအသင်းများက ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသပေးကြသည်။



အဆိုပါယာဉ် တိမ်းမှောက်မှုနှင့်ပတ်သက်၍ ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း၊ ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးချစ်ကိုကို၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းကြည်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ခွဲ တပ်ဖွဲ့ခွဲမှူး ရဲမှူးစောဝင်းတို့နှင့် တိုင်းဒေသကြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များက လာရောက်စစ်ဆေးကြည့်ရှု၍ လိုအပ်သည်များကို ပံ့ပိုးကူညီပေးကြသည်။ အဆိုပါယာဉ်တိုက်မှုကို ပုသိမ်မြို့နယ် သဘောကျဉ်းရဲစခန်းက အမှုဖွင့်၍ အရေးယူထားရှိကြောင်း သိရသည်။ **(ပုသိမ်လှကြည်)**

# စိမ့်စမ်းရေသွယ်ဖွင့်ပွဲ ဖွင့်လှစ်

**သထုံ ဖေဖော်ဝါရီ ၁၂**

ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ သုံးစွဲနိုင်ရန်အတွက် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ တင်ဒါစနစ်ဖြင့် မြန်မာ့ရှုခင်းသမလီမိတက်မှ ဆောင်ရွက်ခဲ့သည့် သထုံမြို့နယ် နောင်ဘိုကျေးရွာတွင် စိမ့်စမ်းရေသွယ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်က မွန်ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ ပြည်နယ်ဦးစီးမှူးနှင့် ခရိုင်ဦးစီးမှူးတို့က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားများ ကျင်းပ



## ကော့သောင်းမြို့

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ကော့သောင်းမြို့ ပြည်ထောင်စုကျောက်တိုင်ကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၉) နှစ်မြောက် ပြည် ထောင် စုနေ့သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်လွင်က ဖတ်ကြားသည်။ **(အပေါ်ပုံ)**

**ကျော်စိုး(ကော့သောင်း)**

## မြိုင်မြို့

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက မကွေးတိုင်းဒေသကြီး မြိုင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အလံတိုင်ကွင်း၌ ကျင်းပရာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးရဲလင်းအောင်က ဖတ်ကြားသည်။

**စိန်မြိုင်(မြိုင်)**

## ချောက်မြို့

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် မြို့နယ် အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်က ဖတ်ကြားသည်။

**ဝင်းအိမွန် (ပြန်/ဆက်)**

## ဗန်းမော်မြို့

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သော (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူးဦးစိန်မြင့်က ဖတ်ကြားသည်။

**ခရိုင်(ပြန်/ဆက်)**

## မင်းလှမြို့

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၆ နာရီခွဲခန့်က မင်းလှမြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သည့်ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ခိုင်က ဖတ်ကြားသည်။

**ကိုသက်(အထက်မင်းလှ)**

## ကလေးမြို့

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ကလေးမြို့ ခရိုင်ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက ဖတ်ကြားသည်။

**ဂျူနိုင်း**

## လားရှိုးမြို့

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ နန်းဟောဝန်ပန်းခြံ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးဦးစိန်အုပ်က ဖတ်ကြားသည်။

**ဟန်ဌေး (လားရှိုး)**

## အလုံမြို့နယ်

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၇ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး (လက်ထောက်ညွှန်ကြားရေးမှူး)ဦးသန်းနိုင်က ဖတ်ကြားသည်။

**ရွှေတိုင်လွင်**

## ညောင်ရွှေမြို့

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ညောင်ရွှေမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလှက ဖတ်ကြားသည်။

**(နေမျိုးသူရိန်)**

## သာစည်မြို့

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သော (၆၉) နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွှန့်ငွေက ဖတ်ကြားသည်။

**ထွန်းထွန်း(သာစည်)**

## တောင်သာမြို့

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်က ဖတ်ကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

## တပ်ကုန်းမြို့

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီက တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဝင်းအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရည်မွန်က ဖတ်ကြားသည်။

**တင်စိုးလွင်**

## မြစ်ကြီးနားမြို့

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက ဖတ်ကြားသည်။

**ပြည်နယ်ပြန်/ဆက်**

## နတ်တလင်းမြို့

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ လွတ်လပ်ရေးကျောက်တိုင်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က ဖတ်ကြားသည်။

**(ဝ၇၁)**

## မြဝတီမြို့

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ မြစနိုကျောက်တိုင်ကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက ဖတ်ကြားသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**




## အင်းစိန်မြို့နယ်

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီတွင် အင်းစိန်မြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှေ့ရှိ ဘောလုံးကွင်းမြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးအေးမင်းက ဖတ်ကြားသည်။ **(အပေါ်ပုံ)**

**(၆၈၄)**

## လှိုင်သာယာမြို့နယ်

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၇နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ဇာတ်ရုံကွင်း၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးက ဖတ်ကြားသည်။

**(၃၂၉)**

## တောင်ဥက္ကလာပမြို့နယ်

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက တောင်ဥက္ကလာပမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ရှေ့မြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သော (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးခင်မောင်ထွေးက ဖတ်ကြားသည်။

**ဝင်းမြင့်ထွန်း(တောင်ဥက္ကလာ)**

## ညောင်တုန်းမြို့

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၉) နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက ဖတ်ကြားသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

## မုံရွာမြို့

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်နံနက် ၇ နာရီကစစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီး အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ဖတ်ကြားသည်။

**ဖိုးချမ်း(မုံရွာ)**

## မော်လမြိုင်ကျွန်းမြို့

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်နံနက် ၇ နာရီက မော်လမြိုင်ကျွန်းမြို့ လွတ်လပ်ရေးပန်းခြံ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးမောင်မောင်က ဖတ်ကြားသည်။

**မော်ကျွန်းမြင့်အောင်**

## ဖရူဆိုမြို့

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်နံနက် ၈ နာရီက ကယားပြည်နယ် ဖရူဆိုမြို့ ပရယ်လူဖူအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က ဖတ်ကြားသည်။

**ဦးကျော်(ဖရူဆို)**

## မတ္တရာမြို့

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်နံနက် ၇ နာရီကမန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့ အထက(၁)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်က ဖတ်ကြားသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## ရမည်းသင်းမြို့

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုးက ဖတ်ကြားသည်။

**လှိုင်သန်းတင့်**

## မင်္ဂလာတောင်ညွန့်မြို့နယ်

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကိုထွေးက ဖတ်ကြားသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## ချောင်းဆုံမြို့

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ချောင်းဆုံမြို့နယ် တေဇဥယျာဉ်တော်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ထွန်းသိန်းက ဖတ်ကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဖျာပုံ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မှ မှဒိတာစကားသံများ

စာပေသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ပဓာနကျသော လူ့စွမ်းအားအရင်းအမြစ်တစ်ခုဖြစ်သည်။ "စာပေမြင့်မှ လူမျိုးတင့်မည်" ဟူသောဆောင်ပုဒ်အရ တင့်သောလူမျိုးများအဖြစ် ရပ်တည်နိုင်ရန် မြင့်သောစာပေဂုဏ်ကို သိက္ခာရှိရှိ ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်ပေသည်။

မိမိတို့ကိုယ်တိုင် စာပေသင်ယူတတ်မြောက်မှသာ မိမိဘဝဖွံ့ဖြိုးတိုးတက်စေနိုင်သကဲ့သို့ မိမိနှင့်ထိစပ်နေသော ပတ်ဝန်းကျင်၊ ရပ်ရွာဒေသ၊ နိုင်ငံတော်နှင့် လောကတစ်ခုလုံးသည်လည်း လှပဖွံ့ဖြိုးလာနိုင်မည်ဖြစ်ပေသည်။ သို့ဖြစ်သောကြောင့် နိုင်ငံတော်မှလည်း လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် စာပေအရင်းအမြစ်၊ အသိပညာ အရင်းအမြစ်များ ထာဝရရှင်သန် ထွန်းကားတိုးတက်ရေးအတွက် အဘက်ဘက်မှ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ကျေးရွာတိုင်းတွင် စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိ၍ ပြည်သူများ စာပေဗဟုသုတ အသိအလိမ္မာ ဉာဏ်ပညာများ တိုးတက်စေရန်ဆောင်ရွက်စီမံပေးသကဲ့သို့ ယခင် စာမတတ်သူပပျောက်ရေးမှ ယခု စာမဖတ်သူပပျောက်ရေးအထိ စီမံဆောင်ရွက်လျက်ရှိရာ လက်ရှိကာလတွင် နိုင်ငံတော်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က ဦးဆောင်ကာ ပညာရေးဌာနနှင့် ပူးပေါင်း၍ ကျောင်းသူကျောင်းသားများနှင့် ပြည်သူလူထုတစ်ရပ်လုံး စာပေဖတ်ရှုလေ့လာမှု အရှိန်အဟုန် မြှင့်မားတိုးတက်လာစေရေးအတွက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို စီမံချက်နှင့်အညီ နိုင်ငံတစ်ဝန်းလုံး အစီအစဉ်ဖြင့် ကျင်းပပေးလျက်ရှိသည်။

ဖော်ပြပါ ရည်ရွယ်ချက်ဆောင်ရွက်အကောင်အထည်ဖော်မှုများနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဇန်နဝါရီ ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပပေးခဲ့ပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီအချိန်တွင် သီရိအဏ္ဏဝါခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပေးခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ မြို့နယ်အလိုက် ကျင်းပပေးခြင်းနှင့် ပတ်သက်၍ အခမ်းအနားသို့ တက်ရောက်လာသည့် တာဝန်ရှိသူတစ်ဦးက "အခုလို စာဖတ်ရှိန်မြှင့်မားရေးပွဲတော် ကျင်းပပေးတဲ့အတွက် အထူးသဖြင့် ကျောင်းသား ကျောင်းသူတွေအနေနဲ့ စာဖတ်စွမ်းရည်မြှင့်မားတိုးတက်လာပြီး လူ့စွမ်းအားအရင်းအမြစ်တွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမှာ ဖြစ်ပါတယ်။ အရင်က စာမတတ်သူပပျောက်ရေးမှ အခု စာမဖတ်သူပပျောက်ရေး အဖြစ် စီမံ ဆောင်ရွက်ပေးနေခြင်းလည်း



ဦးအေးလွင်။



ဦးဇော်မင်း။



စာရေးဆရာသပြေထွန်း။

ဖြစ်ပါတယ်။ ဒါကြောင့် အနာဂတ်ကာလတစ်ခုမှာ နိုင်ငံတော်တာဝန် ပခုံးပြောင်းထမ်းဆောင်ကြမယ့် မျိုးဆက်သစ် ကျောင်းသားကျောင်းသူတွေအနေနဲ့ ကျောင်းစာများအပြင် ဗဟုသုတရရှိစေနိုင်တဲ့ စာအုပ်စာစောင်များကိုလည်း အမြဲမပြတ် ဖတ်ရှုလေ့လာကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

"ပြင်ပဗဟုသုတ အခြေခံကောင်းများ ရရှိဖို့အတွက် ကျောင်းစာကြည့်တိုက်နဲ့ ပြည်သူ့စာကြည့်တိုက်တွေကို အသုံးချတတ်ဖို့လည်း လိုအပ်ပါတယ်။ သဘာဝသယံဇာတဆိုတာ ထုတ်ယူသုံးစွဲမှုလွန်ကဲလျှင် ကုန်ခမ်းသွားနိုင်တယ်ဆိုတဲ့ အချက်ကို သဘောပေါက်လာကြပြီး မကုန်ခမ်းနိုင်တဲ့ လူ့စွမ်းအားအရင်းအမြစ်၊ ပညာဗဟုသုတ အရင်းအမြစ်တွေ ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် မိမိတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

"အခုလို စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော် ကျင်းပပေးခြင်းဟာ အင်မတန်မှ အရေးပါအရာရောက်တဲ့ ကဏ္ဍ၊ ကျင်းပပေးသင့်တဲ့ ပွဲတော်တစ်ခုဖြစ်ပါတယ်"ဟု စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရေး ဦးစီးကော်မတီ နာယက ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ပြောသည်။

ကျေးရွာစာကြည့်တိုက်၊ ကျောင်းစာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်၊ အမျိုးသားစာကြည့်တိုက်ဟူ၍ ပညာဗဟုသုတဘဏ်တိုက်များ နိုင်ငံတစ်ဝန်း တည်ဆောက်ဖွင့်လှစ် ဝန်ဆောင်မှုပေးလျက်ရှိရာ ယခုအခါ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်များ မြို့နယ်အလိုက် ကျင်းပဆောင်ရွက်ပေးခြင်းနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးကလည်း "ကျွန်တော်တို့ ပြန်ကြားရေး ဝန်ကြီးဌာနအနေနဲ့ လွန်ခဲ့တဲ့ ၂၀၀၃ ခုနှစ်လောက်ကစပြီး တစ်နိုင်ငံလုံးရှိပြည်သူများ ဗဟုသုတ တိုးပွားစေဖို့ ကျေးရွာစာကြည့်တိုက်တွေကို စတင်ထူထောင်ခဲ့ပါတယ်။ တစ်ဖန် ၂၀၀၉ ခုနှစ်မှာ ဝန်ကြီးဌာနက ကျေးရွာတွေမှာ စာကြည့်တိုက် အဆောက်အအုံတွေ ဆောက်လုပ်ဖို့ မတည်ငွေ ကျပ်(၁၀)သိန်းနဲ့ ကျေးရွာလူထု ထည့်ဝင်ငွေတို့ဖြင့် ကျေးရွာစာကြည့်တိုက်တွေ ဆောက်လုပ်ဖွင့်လှစ်ပေးခဲ့ပါတယ်။

"၂၀၁၀ ခုနှစ်မှာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းကို ထူထောင်ပြီး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အဆောက်အအုံ၊ ပရိဘောဂ၊ စာအုပ်၊ စာစောင်တွေကို ပံ့ပိုးပေးခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ ကျောင်းစာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကျောင်းသားကျောင်းသူတွေ ပင်ကိုဉာဏ် စွမ်းရည်ထက်မြက်မြင့်မားလာစေဖို့၊ စာဖတ်တဲ့ အလေ့အကျင့်ကောင်းတွေ ရရှိစေဖို့၊ မြို့နယ်တွင်းရှိ ထက်၊ လယ်၊ မူ ကျောင်းသားကျောင်းသူတွေ ကျောင်းစာကြည့်တိုက်နဲ့ ပြည်သူ့စာကြည့်တိုက်တွေကို အသုံးပြုတတ်တဲ့ အလေ့ကျင့်ကောင်းတွေ ရရှိစေဖို့၊ စာပေဖတ်ရှုတဲ့ အလေ့အထတွေရရှိပြီး အသိပညာ ဗဟုသုတတွေတိုးပွားကာ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်လာစေဖို့ အခုလို စာစီစာကုံး၊ ကျပန်းစကားပြော၊ ကဗျာရွတ်ဆိုပြိုင်ပွဲနဲ့ စာပေဟောပြောပွဲတွေ ပါဝင်တဲ့ စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကို ကျင်းပပေးခြင်းပဲဖြစ်ပါတယ်"ဟု ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မင်းက မှဒိတာစကားဆိုသည်။

ဆက်လက်၍ စာဖတ်သူတစ်ဦးကလည်း "ဒီလိုပွဲမျိုး ကျင်းပပေးသင့်တာကြာပြီလို့တောင် ထင်ပါတယ်။ တကယ်အကျိုးသက်ရောက်မှုရှိတဲ့ ပွဲတော်တစ်ခုဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူတွေနဲ့ ပြည်သူလူထုတစ်ရပ်လုံးအတွက် စာဖတ်ရှိန်မြှင့်မားလာတာနဲ့အမျှ အသိပညာတွေတိုးပွားပြီး အမှားအမှန်၊ အကြောင်းအကျိုး၊ အကောင်းအဆိုးကို ဆင်ခြင်နိုင်တဲ့ ဉာဏ်ရည်တွေ ပိုပြီးဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။

မြန်မာ့စာပေရဲ့ အရင်းအမြစ်များဖြစ်တဲ့ သုတ္တန်၊ ဝိနည်း၊ ကစ္စည်း၊ သဒ္ဒါ၊ အလင်္ကာမော်ကွန်း၊ သတ်ညွှန်းသတ်ပုံ၊ တိတ္ထုံဥပဒေတွေ၊ ရတုရကန်၊ အဲအန်၊ ချော်း စတဲ့ စာအုပ်စာပေတွေကို စာကြည့်တိုက်တွေက ငှားရမ်းလေ့လာ ဖတ်ရှုခွင့်ရတဲ့အတွက်၊ ပုဂံခေတ်(ကျောက်စာခေတ်)၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်(ပ၊ ဒု) စသဖြင့် ခေတ်ကာလအလိုက်ကျော်ကြားခဲ့တဲ့ စာဆိုပုဂ္ဂိုလ်တွေနဲ့ စာပေပညာတွေ၊ လောကီလမ်းအဖုံဖုံ၊ ကျမ်းအစုံစုံတွေကို ရှာဖွေဆည်းပူးခွင့်ရတဲ့အတွက် အလွန်ကျေးဇူးတင် ဝမ်းသာပါတယ်"ဟု သတင်းထောက်/စာရေး ဆရာသပြေထွန်းက ပြောသည်။ **(ရာဇသပြေ)**

# လားရှိုး မန်ဆူဘုရားအနီးလမ်းဆုံ ယာဉ်အန္တရာယ်ကင်းရှင်းရေးသတိပြုရန်လို

**သီပေါ ဖေဖော်ဝါရီ ၁၂**

မန္တလေး မူဆယ်ကားလမ်းပေါ်ရှိ လားရှိုးမြို့ မန်ဆူစေတီတော်ခြေရင်းရှိ လမ်းဆုံတွင် နေ့စဉ်မော်တော်ယာဉ်ပေါင်းစုံနှင့် မော်တော်ဆိုင်ကယ်များ ရာချီ၍ ဖြတ်သန်းသွားလာလျက်ရှိကြသည်။

အဆိုပါလမ်းဆုံတွင် ယခင်က ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားခဲ့သည်ဟု မြို့ခံတစ်ဦးကပြောသည်။ လားရှိုးမြို့ မြို့ရှောင်လမ်း မဖောက်လုပ်မီက ယင်းနေရာတွင် တွဲယာဉ်ကြီးများ၊ ကုန်တင်ယာဉ်ကြီးများပါ ဖြတ်သန်းမောင်းနှင်သွားလာခြင်းရှိရာ ယာဉ်ကြောရှုပ်ထွေးပြီး ယာဉ်အန္တရာယ်အထူးများပြားခဲ့သည်ဟုလည်း ဆိုကြသည်။

ယခုအခါတွင် တွဲယာဉ်ကြီးများ၊ ၁၂ ဘီးယာဉ်ကြီးများနှင့် ကုန်တင်ယာဉ်ကြီးများကို မြို့ရှောင်လမ်းမှသာ မောင်းနှင်သွားလာစေခဲ့သည့်အတွက် လားရှိုးမြို့တွင်း၌ ယာဉ်ကြီးများ သွားလာဝင်ထွက်မှုနည်းပါးသွားခဲ့သည်။ အဆိုပါ မော်တော်ယာဉ်ကြီးများ ဖြတ်သန်းသွားလာမှုမရှိသော်လည်း ယင်းလမ်းဆုံနေရာမှ အခြားယာဉ်လတ်၊ ယာဉ်ငယ်များ၊ သုံးဘီးယာဉ်များနှင့် မော်တော်ဆိုင်ကယ်



များမှာ နေ့စဉ် ရာချီ၍ဖြတ်သန်းမောင်းနှင်သွားလာနေကြသဖြင့် ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရေးအတွက် အထူးသတိပြုမောင်းနှင်ကြရန် လိုအပ်ကြောင်း သိရသည်။ **(သီပေါကိုလတ်)**

# ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံအား အမြို့မြို့အနယ်နယ်တွင် ထောက်ခံကြိုဆို

**ကျောက်ကြီး**

ကျောက်ကြီးမြို့နယ်တွင် ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ခြင်း လူထုထောက်ခံကြိုဆိုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်က ကျင်းပရာ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံရေး ပါတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဗမာ၊ ကရင်၊ ရှမ်း၊ ရခိုင်၊ ပအိုဝ် တိုင်းရင်းသားများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရေလဲကျေးရွာမှ ရခိုင်တိုင်းရင်းသား ဦးချစ်သိန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အောင်မြင်စွာကျင်းပပြီးစီးခဲ့ခြင်းအား ထောက်ခံသည့်အဆိုကို တုံးကြီးကျေးရွာမှ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းဇင်မျိုးနွယ်က တင်သွင်းပြီး သဘာပတိက တက်ရောက်လာကြသော တိုင်းရင်းသားထုတစ်ရပ်လုံး၏ ထောက်ခံမှုကိုရယူကာ အခမ်းအနားကို ကြွေးကြော်သံများဖြင့် ရုတ်သိမ်းခဲ့သည်ဟု သိရသည်။ **(၁၂၂)**

**အမရပူရ**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ထောက်ခံကြိုဆိုပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီက ငယ်တိုးကျေးရွာအုပ်စု ဆင်ကာကျေးရွာ ဘောလုံးကွင်း၌ ကျင်းပရာ တိုင်းရင်းသားပြည်သူ နှစ်ထောင်ခန့် တက်ရောက်ကြောင်း သိရသည်။

ထို့ပြင် ကြွေးကြော်သီချင်းသီဆို၍ ကွင်းအတွင်း နေရာယူပြီး သဘာပတိအဖြစ် ဦးကိုကိုဇော်က တာဝန်ယူဆောင်ရွက်ခဲ့သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး လက်မှတ်ရေးထိုးရန် ကျန်ရှိသည့် တိုင်းရင်းသားအဖွဲ့များ အောင်မြင်စွာပါဝင်စေရန် လူထုထောက်ခံပွဲများကို ကြိုဆိုထောက်ခံသည့်အဆိုကို ဦးသာထွန်းက အဆိုတင်သွင်းပြီး သဘာပတိက တက်ရောက်လာသည့် ပြည်သူလူထု၏ သဘောဆန္ဒရယူခဲ့ကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

**ကော့သောင်း**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီက ကော့သောင်းမြို့ မဉ္ဇူသကပြည်သူ့ခန်းမတွင် ကျင်းပရာ ကရင်တိုင်းရင်းသားယဉ်ကျေးမှုကော်မတီမှ ကရင်တိုင်းရင်းသူ နော်စင်းဒြာက ငြိမ်းချမ်းရေးညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုတင်သွင်းရာ မွန်စာပေယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးမင်းမြင့်အောင်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ကြိုဆိုထောက်ခံသည့် ကြွေးကြော်သံများ သံပြိုင်ညီညာကြွေးကြော်ကြပြီး အခမ်းအနားအား ရုတ်သိမ်းလိုက်သည်။ အဆိုပါ ဆန္ဒဖော်ထုတ်ပွဲသို့ ပြည်သူ ၅၀၀ ကျော်ခန့် တက်ရောက်ခဲ့သည်။ **(ကော့သောင်းပြန်/ဆက်)**

**ဖြူး**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့ မြို့နယ်ခန်းမ၌ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို ဖြူးမြို့နယ် ကျီးမနိုးကျေးရွာမှ စောသိုင်းကြူးထူးက အဆိုတင်သွင်းခဲ့ရာ ဖြူးမြို့နယ် ရေသျှံကြီးကျေးရွာမှ ဦးမျိုးခင်က ထောက်ခံဆွေးနွေး၍ သဘာပတိက တက်ရောက်လာကြသည့် အများပြည်သူများထံမှ အဆိုကို သဘောတူထောက်ခံကြောင်း သဘောထားရယူခဲ့ကြောင်း သိရသည်။ **(ဖြူးမြင့်ဦး)**

**မြဝတီ**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ကရင်ပြည်နယ် မြဝတီခရိုင်အတွင်းရှိ တိုင်းရင်းသား ပြည်သူအပေါင်းတို့က ကြိုဆိုထောက်ခံသည့် လူထုထောက်ခံပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက မြဝတီအမှတ် ၄ ရပ်ကွက်ရှိ မြစန္ဒီပန်းခြံကွင်းအတွင်းကျင်းပရာ ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်အဆိုကို မြဝတီမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ကျော်က အဆိုတင်သွင်းရာ မြဝတီမြို့နယ် ဒေသခံ ဦးအောင်ဝင်းလှိုင်က ထောက်ခံဆွေးနွေးခြင်း၊ လက်နက်ကိုင်ပဋိပက္ခအဆုံးသတ်နိုင်ရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဦးစွာဆောင်ရွက်ရန်အဆိုကို ဒေသခံဦးရန်နောင်စိုးက အဆိုတင်သွင်းခဲ့သည်။

ဆက်လက်ပြီး တက်ရောက်လာသည့် ပြည်သူလူထု၏ သဘောထားဆန္ဒရယူပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံအား ကြိုဆိုထောက်ခံပွဲကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းခဲ့ကြောင်းသိရသည်။ အဆိုပါ လူထုထောက်ခံပွဲသို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တစ်မျိုးသားလုံးပြန်လည်သင့်မြတ်ရေး၊ ပြည်ထောင်စုကြီးငြိမ်းချမ်းရေးနှင့် အဓွန့်ရှည်တည်တံ့ရေး စသည့် ဆိုင်းဘုတ်များကိုင်ဆောင်ထားသည့် သောင်ရင်းစစ်ကြောင်း၊ မြဝတီစစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဒေါနစစ်ကြောင်းများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းအသီးသီးနှင့် ဒေသခံပြည်သူလူထုများ တက်ရောက်ခဲ့ကြသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

## ကင်ဘမ် ရဲ့ ရုပ်ရှင်သစ် "Ms. Cop 2"

F4 (Boys Over Flowers) ရုပ်ရှင်ဖြင့် မြန်မာပရိသတ်များနှင့် စတင်ရင်းနှီးခွင့်ရခဲ့သော တောင်ကိုရီးယားရဲ့ နာမည်ကျော် မင်းသားတစ်ဦးဖြစ်တဲ့ ကင်ဘမ်ဟာ " Ms. Cop 2"ဒရမ်မာရုပ်ရှင်သစ်မှာ ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်ရိုက်ကူးလျက်ရှိကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

SBS ရုပ်သံလိုင်းရဲ့ ကိုယ်စားလှယ်တစ်ဦးက "မင်းသားကင်ဘမ်ဟာ ဒရမ်မာရုပ်ရှင်သစ်မှာ ခေါင်းမာတဲ့စရိုက်ရှိတဲ့ ဘီရိုဂျန် အဖြစ် ပါဝင်သရုပ်ဆောင်နေပါတယ်" လို့ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်ပါတယ်။ ယင်းရုပ်ရှင်ဟာ အက်ရှင်ဒရမ်မာရုပ်ရှင်အမျိုးအစားဖြစ်ပြီး ယခုနှစ်မတ်လအတွင်း စတင်ထုတ်လွှင့်သွားနိုင်ရန် စီစဉ်ရိုက်ကူးလျက်ရှိကြောင်းလည်း သိရပါတယ်။

အဆိုပါရုပ်ရှင်ရဲ့ဇာတ်လမ်းနဲ့ပတ်သက်တဲ့ အသေးစိတ်အချက်အလက်တွေကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသော်လည်း ယင်းရုပ်ရှင်မှာ ကင်ဘမ်နဲ့အတူ အခြားသောသရုပ်ဆောင်တွေဖြစ်ကြတဲ့ စူးလွန်၊ စန်းဒန်ဘီ၊ ကင်မင်ဂျောင်နဲ့ ကင်ဆန်းရန်တို့က ပါဝင်သရုပ်ဆောင်ထားကြောင်း ပြောကြားခဲ့ပါတယ်။



အေးပြည့် - စုစည်းသည်

## Star Wars ရုပ်ရှင်သစ် စတင်ရိုက်ကူး



မင်းသားကြီးဟယ်ရီစင်ဖော့ဒ် ခေါင်းဆောင်ပါဝင်ထားသော သိပ္ပံစွန့်စားခန်းရုပ်ရှင် " Star Wars " ၏ ဇာတ်လမ်းတွဲများကိုရိုက်ကူးထုတ်လုပ်ခဲ့ရာ ယနေ့အချိန်အထိ စုစုပေါင်း ခုနစ်ကားထုတ်လုပ်ခဲ့ပြီးဖြစ်သည်။ ဖေဖော်ဝါရီ ၁၀ ရက်တွင် ယင်းရုပ်ရှင်များကို ထုတ်လုပ်သည့် ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေး၏ ဥက္ကဋ္ဌ ဘော့အီဂါက " Star Wars " ရုပ်ရှင်ဇာတ်လမ်းတွဲများ၏ ရှစ်ကားမြောက်ရုပ်ရှင်သစ်ကို စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်ကို ယူပီအိုင်ဒေ့ါကွန်းက ဖော်ပြခဲ့သည်။

ယင်းရုပ်ရှင်သစ် " Star Wars: Episode VIII"တွင် ယခင်" Star Wars "ရုပ်ရှင်များတွင် ပါဝင်ခဲ့သော သရုပ်ဆောင်များပင် ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်းလည်း အီဂါက အတည်ပြုပြောကြားခဲ့သည်။ ယင်းရုပ်ရှင်သစ်ကို ယခင်က ၂၀၁၇ ခုနှစ် မေ ၂၆ ရက်တွင် ရုံတင်နိုင်ရန် စီစဉ်ထားခဲ့သော်လည်း ယခုအခါ ရုံတင်မည့်ရက်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်သို့ ပြောင်းလဲသတ်မှတ်ကာ ယင်းနေ့တွင် ရုံတင်ပြသသွားနိုင်ရန် စီစဉ်ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယင်းရုပ်ရှင်၏နောက်ဆက်တွဲရုပ်ရှင်သစ်ဖြစ်သော "Star Wars: Episode IX"ကိုလည်း ၂၀၁၉ ခုနှစ်အတွင်း ထွက်ရှိနိုင်အောင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အီဂါက ပြောကြားခဲ့သည်။

## ချစ်သူများနေ့မှာ သူ့ကိုယ်သူနတ်သမီးလေးလို့ ခံစားသွားစေရမယ်



ဒီဂျေပညာရှင် ကယ်လ်ဗင်ဟဲရစ်က သူ့ရဲ့ချစ်သူ ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်အတွက် ၂၀၁၆ရဲ့ ချစ်သူများနေ့မှာ ပြုလုပ်ပေးမယ့်အစီအစဉ်နဲ့ပတ်သက်ပြီး ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းကို ပြောကြားခဲ့ရာမှာ ချစ်သူများနေ့မှာ တေလာအနေနဲ့ သူ့ကိုယ်သူနတ်သမီးတစ်ဦးလို့ ခံစားသွားရလောက်အောင် စီစဉ်ထားကြောင်း ဆိုခဲ့ပါတယ်။

ချစ်သူများနေ့အတွက် သူ့ရဲ့အစီအစဉ်တွေကို အသေးစိတ်ဖွင့်ဟခဲ့ခြင်းမျိုးမရှိသော်လည်း တေလာအတွက် ဖြတ်သန်းခဲ့ရသမျှသော ချစ်သူများနေ့တွေအနက် အကောင်းဆုံးနေ့အဖြစ် ဖန်တီးပေးသွားမှာဖြစ်ကြောင်းနဲ့ တေလာကို နတ်သမီးတစ်ပါးလို တန်ဖိုးထားမှုတွေကိုလည်း ဖော်ပြသွားမှာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ သူတို့နှစ်ဦးနဲ့ရင်းနှီးတဲ့ မိတ်ဆွေတစ်ဦးက ပြောကြားခဲ့ပါတယ်။

## ဘီဘာနဲ့က ချစ်သူတွေမဟုတ်ပါဘူးလို့ ဆိုလာတဲ့ ဟေးလေးဘော်ဝင်

ဟောလိဝုဒ်ရဲ့နာမည်ကျော်အချစ်ဇာတ်လမ်းတွေထဲက ပေ့ါပ်အဆိုတော် ဂျက်စတင်ဘီဘာရဲ့ အချစ်ဇာတ်လမ်းတွေဟာ မကြာမကြာဆိုသလို သတင်းစာမျက်နှာတွေပေါ်မှာ ဖော်ပြခြင်းခံခဲ့ရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ နှစ်ကုန်ပိုင်းက ဘီဘာဟာ သူ့ရဲ့ချစ်သူဟောင်း ဆယ်လီနာဂိုမက်ဇ်အပေါ် စိတ်မကုန်သေးကြောင်း ဖွင့်ဟပြောဆိုခဲ့ပေမယ့် မကြာခင်မှာပဲ ထိပ်တန်းမော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ဟေးလေးဘော်ဝင်နဲ့ အပန်းဖြေခရီးတွေအတူတူသွားကာ သူတို့နှစ်ဦးရဲ့ ဇာတ်လမ်းဟာ ဟောလိဝုဒ်အသိုင်းအဝိုင်းမှာ ရေပန်းစားခဲ့ပါတယ်။

မကြာသေးမီက အသက်(၂၂)နှစ်အရွယ် အဆိုတော် ဂျက်စတင်ဘီဘာက ဟေးလေးဘော်ဝင်ဟာ သူ့ရဲ့အနာဂတ် သတို့သမီးလောင်းဖြစ်လာလိမ့်မယ်လို့ ပြောကြားခဲ့ပါတယ်။ ဘော်ဝင်ကတော့ ပြီးခဲ့တဲ့ အင်္ဂါနေ့က အီးနယူးစ် သတင်းစာကို ဖြေကြားခဲ့ရာမှာ သူနဲ့ဂျက်စတင်တို့နှစ်ဦးဟာ ရင်းနှီးတာ မှန်ပေမယ့် ချစ်သူတွေလို ချိန်းဆိုတွေ့ဆုံခဲ့တာမျိုးမရှိပါဘူးလို့ သူတို့နှစ်ဦးကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး ဖွင့်ဟခဲ့ပါတယ်။

အသက်(၁၉)နှစ်အရွယ်မော်ဒယ်လ် ဘော်ဝင်က "ကျွန်မတို့နှစ်ယောက်ကတွဲနေကြတာတော့မဟုတ်ပါဘူး။ သူနဲ့ အလည်အပတ်ထွက်တာမျိုးလောက်ပဲ ရှိပါတယ်။ ကျွန်မတို့အသက်အရွယ်မျိုးမှာ ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်အကြားက ဆက်ဆံရေးဆိုတာ နည်းနည်းတော့ ရှုပ်ထွေးပါတယ်။ ဒါဟာ ဘီဘာနဲ့ ကျွန်မရဲ့ကြားက ပုဂ္ဂိုလ်ရေးဖြစ်တဲ့အတွက် ထုတ်ဖော်မပြောချင်ပါဘူး"လို့ အီးနယူးစ်ကို ဖြေကြားခဲ့ပါတယ်။

တကယ်တော့ ဘီဘာနဲ့ ဘော်ဝင်တို့ဟာ အခုမှတွေ့ဆုံကြတဲ့သူတွေမဟုတ်ပါဘူး။ သူတို့နှစ်ဦးဟာ ၂၀၁၄ ခုနှစ်ကတည်းက သူငယ်ချင်းတွေအဖြစ် သိကျွမ်းခဲ့ကြတာပါ။ ဘော်ဝင်က ၂၀၁၅ ဖေဖော်ဝါရီလတုန်းက ဘီဘာနဲ့သူဟာ သူငယ်ချင်းတွေသာဖြစ်တယ်လို့ ဖွင့်ဟခဲ့ပေမယ့် ဂျက်စတင်ဘီဘာကတော့ ပြီးခဲ့တဲ့လအတွင်းက ဘော်ဝင်ကိုနမ်းနေတဲ့ပုံတွေကို သူ့ကိုယ်တိုင် လူမှုကွန်ရက်မီဒီယာကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့ပါတယ်။ ဒါ့ကြောင့် ဟောလိဝုဒ်ရဲ့ အချစ်ဇာတ်လမ်းတွေထဲက ခပ်ရှုပ်ရှုပ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်တဲ့ ဘီဘာနဲ့ ဘော်ဝင်တို့ရဲ့ဇာတ်လမ်းဟာလည်း ရှေ့ဆက်ဘယ်လိုတွေများဖြစ်ဦးမလဲလို့ လူအများရဲ့စိတ်ဝင်စားခြင်းခံရတဲ့ ဇာတ်လမ်းတစ်ပုဒ်အဖြစ် ဆက်လက်ကျန်ရှိနေဦးမှာ ဖြစ်ပါတယ်။



## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၃ - ၂ -၂၀၁၆ (စနေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ Hyper Sports
၈း၃၅ The Farmer
၉း၃၅ မြန်မာ့ရုပ်မြင်သံကြား လှူငယ်အစီအစဉ်
၁၀း၃၅ E-GOVနှင့်အညီရှေ့သို့လှမ်းချီ YCDC (ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ)
၁၁း၁၅ "သူ"ကိုပြန်လည်ပုံဖော်ခြင်း
၁၁း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၃၅ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁း၂၀ တစ်ပတ်အတွင်း လွှတ်တော်သတင်း
၁း၄၀ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှစ် (၇၀)ပြည့်အထိမ်းအမှတ် မြန်မာသံစဉ် ဂန္တဝင်တေးဖျော်ဖြေမှုအစီအစဉ်
၂း၁၀ သံစုံတီးဝိုင်း
၃း၄၅ Ooredoo MNL-1 2016 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ရခိုင်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း)
၆း၁၀ ဖြတ်သန်းကြမည့်ရုပ်ရှင်ဌာန သမိုင်း အစချီ
၆း၂၀ ပြည်သူ့အကျိုးသယ်ပိုးထမ်းရွက် Farmer Channel ဆောင်ရွက်ချက်
၆း၃၅ ထာဝရရုပ်တည်နေဦးမည် MRTV (Plan-Story) အဖွဲ့ လှုပ်ရှားမှုပုံရိပ်
၇း၁၅ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်(၇၀) ပြည့်အထိမ်းအမှတ် စတီရီယိုတေးသံရှင် အောင်ထက်၏ဖျော်ဖြေမှု အစီအစဉ်
၇း၃၀ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်အထိမ်းအမှတ် စတီရီယို တေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်
၈း၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ
၈း၃၅ ဆုတောင်းစကား + MRTV Documentary (3+4)
၉း၀၀ ပြည်တွင်းသတင်း -မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ် "မြပုလ္လဲမာအငြိမ့်"

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့် -သီချင်းကြီးပဒေသာ
၆း၁၀ ပြည်သူ့နီတိ "အရွယ်သုံးပါး" (တတိယပိုင်း)
၆း၃၅ တေးဂီတအစီအစဉ်
၆း၄၀ ပျော်ရွှင်စေသောနေ့ရက်များ "ချစ်တယ်ဆိုလာထား" (အပိုင်း-၁) (ရန်အောင်၊ မြင့်မြတ်၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကျော်ဇောလင်း(အတွေးပုံရိပ်)
၇း၀၀ ဟိုးတုန်းက. . ကက်ဆက်ဇာတ် လမ်း များ "လင်တစ်ယောက်လုံး အသုံးချနည်း" (စောမြတ်နိုး၊ စောယုနန္ဒာ) (ဒါရိုက်တာ-သီတာလင်း(Laurel Art Academy)
၈း၂၀ ဝတ်စားဆင်ယင်မှုပြပွဲ (တေးဂီတ)
၈း၃၅ ရုပ်စုံသဘင် "ကလ္လိသိဒ္ဓိစိတ္တဇာတ်တော်ကြီး" (ရန်ကုန်တိုင်းဒေသကြီး)
၉း၅၅ "မြန်မာ့တကောင်းပျူတကောင်း"
၁၀း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "ပိုပြီးချစ်မယ့်မနက်ဖြန်" (ကျော်ရဲအောင်၊ ရဲအောင်၊ စိုးမြတ်သူဇာ၊မေသန်းနု၊မေသဥ္ဇာဦး) (ဒါရိုက်တာ-ကိုဇော်အာရုဏ်ဦး)
၁၂း၀၀ အစီအစဉ်ပြီး၏။

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂသုတ်
၅း၄၀ "အပေါင်းမှန်မှ နိဗ္ဗာန်ရ" တရားတော် (ဆရာတော်ဘဒ္ဒန္တစန္ဒသူရိယ (အောင်စကြာဆရာတော်)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၀၁)
၈း၄၅ Cartoon View
၉း၀၅ Drive It
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၂၀)
၁၁း၀၀ Starတို့ရဲ့လက်ရာ
၁၁း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၂၇+၂၈)
၂း၂၀ "ကံကံ၏အကျိုး" (သေရည်ကိုရှောင်ရည် မှတ်ပါလို့ (အပိုင်း-၁)
၃း၄၀ Healthy Life (Shwe Moe Pwint Aye)
၅း၀၀ Fashion Week
၇း၁၀ Health Fix
၇း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၀၂)
၈း၂၅ Lets Talk
၈း၀၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" (သေရည်ကို ရှောင်ရည် မှတ်ပါလို့ (အပိုင်း-၂)
၈း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၂၁)
၉း၃၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၂၉+၃၀)
၃း၃၅ MRTV-4 Stage
၄း၀၅ World of Knowledge (Wild Case Files Blood Red Rain)

### မြဝတီ

၆း၀၃ တရားတော်
၆း၁၀ မေတ္တာပို့
၆း၁၆ ဓမ္မပူဇာတေး
၆း၃၅ မြန်မာသံစဉ်ချိုနားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၅ မွေးမြူသုတ
၈း၂၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၁၁း၀၀ English For Myanmar
၁၁း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် - အရှေ့အလယ်ပိုင်း အရပ်၌ရှိသော ဟိန်းဝေယံ၊အိန္ဒြာကျော်ဇင်နှင့် သရုပ်ဆောင်များ ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)
၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသ‌ချေ အပိုင်း(၃၄)
၁၄း၃၀ သံစဉ်များနှင့်ကမ္ဘာ
၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၄၅ ကျန်းမာသုတ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
၆း၁၀ စားဖို့ဆောင်ချစ်သူ
၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်နှစ်သီးခြာချစ်လိပ်ပြာ (အပိုင်း-၆၇) - လူ့ရွှင်တော်စတား - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်မျက်ရည်သက်သေတည် (အပိုင်း-၄)

အားကစား



# မြန်မာ-ဂျပန် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကျင်းပမည်



ရန်ကုန် ဖေဖော်ဝါရီ ၁၂

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Management နှင့် Naint Moe Entertainment တို့ ပူးပေါင်းစီစဉ်ကျင်းပမည့် မြန်မာ-ဂျပန် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံ (မိုးလုံလေလုံ အားကစားရုံ) တွင် ကျင်းပမည်ဖြစ်သည်။ ယခုပွဲကို MPT မှ ကူညီပံ့ပိုးသည်။

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ (မြန်မာ-ဂျပန်)ကို မြန်မာ့ရိုးရာလက်ဝှေ့နည်းစနစ်စည်းမျဉ်းအတိုင်း ငါးချီပြည့် ယှဉ်ပြိုင်ထိုးသတ်မည်။ ထိုးသတ်မည့်တွဲဆိုင်းများမှာ - စောဂေါ်မူတို (မြန်မာ-သတ္တိကလပ်)နှင့် MMA ဂျပန်လက်ဝှေ့ကျော် ရှီမာမူရာ နာဂိုကီ(ဂျပန်)၊-သပြေညို (မြန်မာ-ဘီလပ်မြေစက်ရုံ)နှင့် ဂျပန်နိုင်ငံကိုယ်ခံပညာပေါင်းစုံလက်ဝှေ့ကျော် ကနိကိုဒိုင်စီ(ဂျပန်)တို့ အတွဲများအပြင် ပြည်တွင်းလက်ဝှေ့ကျော်တွဲဆိုင်းများအဖြစ် သပြေအောင် (ဘီလပ်မြေစက်ရုံ)နှင့် နက္ခတ်အောင် (တောင်ကလေး)၊-ထွန်းလွင်မိုး(နဂါးမာန်)နှင့် စောဒါဝိတ်(တောင်ကလေး)၊ စောထူးဇော်(ဒို့ရိုးရာ)နှင့် မြလင်းအောင်(ရွှေကုက္ကိုလ်)၊ စောမင်းအောင် (တောင်ကလေး)နှင့် စောအယ်လေး(ရွှေကုက္ကိုလ်) ဝင်းထွန်း(T&T) နှင့် သူရရဲအောင်(မန္တလေး)၊ ညဏ်မင်းလွင် (ထွန်းသွင်)နှင့် အိုးအိုး(ဟံသာဝတီသား)၊ ရိုးမသစ္စာ (နဂါးမာန်)နှင့် အံ့ဘွား (ကောလင်း) တို့အတွဲများယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့ကျော်ဝင်းထွန်းနှင့် သူရရဲအောင်တို့တွဲဆိုင်းသည်လည်း ပရိသတ်အကြိုက်ဖြစ်မည်ဟု သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

# အသက်မပြည့်သေးသည့် ကလေးငယ်နှင့် လိင်မှုကျူးလွန်ခဲ့သည်ဟု ဝန်ခံခဲ့သော ဂျွန်ဆင်အား ဆန်းဒါးလန်း ထုတ်ပယ်



ဆန်းဒါးလန်းကွင်းလယ်ကစားသမား အဒမ်ဂျွန်ဆင်မှာ အသက်မပြည့်သေးသည့် ကလေးငယ်နှစ်ဦးနှင့် လိင်ကိစ္စပတ်သက်မှု ရှိခဲ့သည်ဟု ဝန်ခံခဲ့ပြီးနောက် ကလပ်အသင်းမှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း ဆန်းဒါးလန်းအသင်းဘက်မှ ချက်ချင်းဆိုသလိုပင် ကြေညာလိုက်သည်။ ဂျွန်ဆင်နှင့် ပတ်သက်ခဲ့သည့် အမျိုးသမီးငယ်လေးမှာ (၁၅)နှစ်အရွယ်ကျောင်းသူဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၂ ရက်တွင် နောက်ထပ်ကလေးငယ်နှစ်ဦးနှင့် လိင်မှုကျူးလွန်ခဲ့သည်ဟူသော စွပ်စွဲချက်ကို တရားရုံးတွင် ထပ်မံရင်ဆိုင်ခဲ့ရသေးသော်လည်း ၎င်းက ယင်းကိစ္စရပ်နှစ်ခုကို ကျူးလွန်ခဲ့ခြင်းမရှိကြောင်း ငြင်းဆိုထားသည်။

ဂျွန်ဆင်မှာ ၂၀၁၅ ခုနှစ် မတ်လက ဖမ်းဆီးခံခဲ့ရပြီးနောက် ကလပ်အသင်းဘက်မှ ဝင်ရောက်ကစားခွင့် ဆိုင်းငံ့ပြစ်ဒဏ်ချမှတ်ခဲ့သော်လည်း သူ၏ကိုယ်စားလှယ်နှင့် ပရော်ဖက်ရှင်နယ်ကစားသမား အဖွဲ့အစည်းတို့ ညှိနှိုင်းဆွေးနွေးပြီးနောက် ပြစ်ဒဏ်အား ပြန်လည်ပယ်ဖျက်ပေးခဲ့ခြင်းဖြစ်သည်။

ယင်းကိစ္စရပ်ကြောင့် အားကစားပစ္စည်းကုမ္ပဏီ အက်ဒီးဒက်စ်က ဂျွန်ဆင်အား စပွန်ဆာစာချုပ်ဖျက်သိမ်းခဲ့သည်။ ဖေဖော်ဝါရီ ၁၁ ရက်တွင် ဆန်းဒါးလန်း နည်းပြ ဆမ်အလာဒိုက်စ်က "ဒီတစ်ပတ်ကစားမယ့် ပွဲမှာတော့ သူ့ကိုထည့်သွင်းကစားလို့ မရတော့ပါဘူး။ ဘာတွေဆက်ဖြစ်လာမလဲဆိုတာ စောင့်ကြည့်ရအောင်ပါ" ဟု သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ ရှင်းလင်းပြောကြားလိုက်သည်။ သူသည် ဘရက်ဖို့ဒ်ဘုရင့်တရားရုံးတွင် အမှုရင်ဆိုင်နေရခြင်းဖြစ်ပြီး နောက်နှစ်ပတ်အကြာတွင် ပြစ်ဒဏ်ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။ ဂျွန်ဆင်သည် ဆန်းဒါးလန်းမြို့မှာပင် မွေးဖွားခဲ့သူဖြစ်ပြီး ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို မစ်ဒယ်ဘရော့အသင်းတွင် စတင်ခဲ့ပြီးနောက် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ယင်းနောက် ၂၀၁၂ ခုနှစ်တွင် ဆန်းဒါးလန်းအသင်းသို့ ပေါင် ၁၀ သန်း ဖြင့်ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ [မေလှဲ့သင်း]

## ဖေဖော်ဝါရီ ၁၃/၁၄ ရက်နေ့ ယှဉ်ပြိုင်မည့် ပွဲစဉ်များ

### ပရီမီယာလိဂ် (ပွဲစဉ်-၂၆)

| | | | |
|---|---|---|---|
| ဆန်းဒါးလန်း | - | မန်ယူ | ည-၇း၁၅ |
| ဆွမ်ဆီး | - | ဆောက်သမ်တန် | ည-၉း၃၀ |
| ဘုန်းမောက် | - | စတုတ်စီးတီး | ည-၉း၃၀ |
| ခရစ္စတယ်ပဲလေ့စ် | - | ဝက်ဖို့ဒ် | ည-၉း၃၀ |
| အဲဗာတန် | - | ဝက်စ်ဘရွန်း | ည-၉း၃၀ |
| နော့ဝှစ်ချ် | - | ဝက်စ်ဟမ်း | ည-၉း၃၀ |
| ချယ်လ်ဆီး | - | နယူးကာဆယ် | ည-၁၂း၀၀ |

### စီးရီးအေ (ပွဲစဉ်-၂၅)

| | | | |
|---|---|---|---|
| အမ်ပိုလီ | - | ဖရိုစီနိုနီ | ည-၁၀း၃၀ |
| ချီယေဗို | - | ဆာဆူအိုလို | ည-၁၀း၃၀ |
| ဂျူဗင်တပ် | - | နာပိုလီ | နံနက်-၂း၁၅ |

### လာလီဂါ (ပွဲစဉ်-၂၄)

| | | | |
|---|---|---|---|
| ရီးယဲလ်မက်ဒရစ် | - | ဘီဘာအို | ည-၉း၃၀ |
| ဗီလာရီးယဲလ် | - | မာလာဂါ | ည-၁၁း၄၅ |
| ဗလင်စီယာ | - | အက်စ်ပန်ညို | နံနက်-၂း၀၀ |
| ဒီပို့တီဗို | - | ဘက်တစ် | နံနက်-၃း၃၅ |

### ဘွန်ဒက်စ်လီဂါ (ပွဲစဉ်-၂၁)

| | | | |
|---|---|---|---|
| ဒေ့ါမွန် | - | ဟန်နိုဗာ | ည-၉း၀၀ |
| ဝုဖ်ဘတ် | - | အင်ဂိုလ်စတက် | ည-၉း၀၀ |
| စတုဂတ် | - | ဟာသာဘာလင် | ည-၉း၀၀ |
| ဝါဒါဘရီမင် | - | ဟောဖန်ဟိန်း | ည-၉း၀၀ |
| ဒမ်းစတက် | - | လေဗာကူဆင် | ည-၉း၀၀ |
| ကိုလုံး | - | ဖရန့်ဖတ် | ည-၁၂း၀၀ |

### ပြင်သစ် လီဂူး (ပွဲစဉ်-၂၆)

| | | | |
|---|---|---|---|
| ပီအက်စ်ဂျီ | - | လိုင်လီ | ည-၁၀း၃၀ |
| အဂျက်စီရို | - | ထရိုယက် | နံနက်-၁း၃၀ |
| ဂူအင်ဂမ့် | - | ဘော်ဒိုး | နံနက်-၁း၃၀ |
| နန့်တက်စ် | - | လောရီးယန့် | နံနက်-၁း၃၀ |
| မောင့်ပယ်လီယာ | - | တူးလော့စ် | နံနက်-၁း၃၀ |
| ရီဒင် | - | ဘက်စတီယာ | နံနက်-၁း၃၀ |

မောင်မောင်ဇော်

# ပေါင်သန်း ၅၀၀ အထက် ဝင်ငွေရရှိမည့် ပထမဆုံး အင်္ဂလန်ကလပ်အသင်းဖြစ်လာရန် အလားအလာရှိနေသည့် မန်ယူ



ပရီမီယာလိဂ်ကလပ်မန်ယူအသင်းသည် လတ်တလောတွင် ကွင်းတွင်းအောင်မြင်မှုများနှင့် ဝေးကွာနေသော်လည်း ပေါင်သန်း၅၀၀ အထက် ဝင်ငွေရရှိမည့် အင်္ဂလန်၏ ပထမဆုံးကလပ်အသင်းဖြစ်လာနိုင်မည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ ဒုတိယလေးလပတ်အတွင်း အခြားစီးပွားဖြစ်ဝင်ငွေများမှ ပေါင် ၆၆ ဒသမ ၁ သန်းအထိ ရရှိထားသောကြောင့် ရာခိုင်နှုန်းအားဖြင့် ၄၂ ဒသမ ၅ သန်းအထိ တိုးတက်လာခြင်း အပါအဝင် စုစုပေါင်းဝင်ငွေပေါင် ၁၃၃ ဒသမ ၈ သန်း(၂၆ ဒသမ ၆ ရာခိုင်နှုန်း) အထိ တိုးတက်လာခဲ့သည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

ရုပ်သံထုတ်လွှင့်ကြေး ယခင် ၃၁ ဒသမ ၁ ရာခိုင်နှုန်းရရှိနေရာမှ ၃၇ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သကဲ့သို့ စပွန်ဆာဝင်ငွေမှ ပေါင် ၁ ဒသမ ၆ သန်းနီးပါးအထိ ရရှိလာခဲ့သော်လည်း ပွဲစဉ်လက်မှတ်ရောင်းချမှုဝင်ငွေမှာမူ ၁ ဒသမ ၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့သည်။ မန်ယူအသင်းသည် လက်ရှိတွင် ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့်(၅)နေရာသို့ ရောက်ရှိနေခဲ့သလို ချန်ပီယံလိဂ်မှ ထွက်ခွာခဲ့ရပြီးဖြစ်သည်။

သို့သော် စပွန်ဆာဝင်ငွေမှ ပေါင်တစ်ဘီလီယံ၊ ရုပ်သံလွှင့်ကြေး ပေါင် ငါးဘီလီယံနှင့် လူမှုမီဒီယာများတွင် ပရိသတ်၁၁၆ သန်းအထိ ရှိနေသောကြောင့် ကမ္ဘာ့ပရိသတ်အင်အားအများဆုံး ကလပ်အသင်းဖြစ်လာရန်လည်း အခြေအနေကောင်းနေခဲ့ပြီဖြစ်သည်။ မန်ယူအသင်း၏ ဒုတိယဥက္ကဋ္ဌ အက်ဝုဒ်ဝက်ဒ်က "ဒီလိုဝင်ငွေတွေ တိုးတက်လာတာတော့ ကွင်းအတွင်းရလဒ်တွေ ပိုကောင်းဖို့ ကျွန်တော်တို့ဘက်က ပိုပြီး အာရုံစိုက်ရပါတော့မယ်"ဟု ပြောကြားထားသည်။

မန်ယူအသင်းသည် ပရီမီယာလိဂ်ဦးဆောင်သူလက်စတာအောက် ၁၂မှတ်လျော့အနေအထားဖြင့် အမှတ်ပေးဇယားအဆင့်(၅)နေရာအထိ ရောက်ရှိနေသော်လည်း ရာသီသိမ်းချိန်တွင် ချန်ပီယံလိဂ်ဝင်ခွင့် တစ်နေရာ သေချာပေါက်ရရှိမည်ဟု ယုံကြည်ချက်အပြည့်ရှိနေဆဲဖြစ်ကြောင်းလည်း မန်ယူနည်းပြ ဗန်ဟားလ်က မကြာသေးမီကပင် ကတိပေးစကားဆိုလိုက်သည်။ [မေလှဲ့သင်း]

## စပိန်လာလီဂါရင်ခုန်သံ-၂၄

**စပိန်လာလီဂါပွဲစဉ် ၂၄ကို လာမယ့်ဖေဖော်ဝါရီ ၁၃၊ ၁၄၊ ၁၅ ရက်တို့မှာ ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်ဟာ ချန်ပီယံလိဂ်ရှုံးထွက်အဆင့်ပွဲစဉ်တွေနဲ့ နီးကပ်နေတာကြောင့် ရိုးမားနဲ့ ချန်ပီယံလိဂ်အဝေးကွင်းပွဲစဉ်ကစားရဖို့ရှိနေတဲ့ ရီးယဲလ်မက်ဒရစ်အနေနဲ့ ပြတ်သားတဲ့ နိုင်ပွဲယူဆောင်နိုင်ပါမလား စောင့်ကြည့်ရမယ်။**

### ဂီဂျွန် - ဗယ်လက်ကာနို — နံနက် ၂း၀၀ (၁၃-၂-၁၆)

ဂီဂျွန်ခြေကမဆိုးဘူးလို့ပြောနိုင်တယ်။ တန်းမဆင်းရဖို့အတွက်လည်း ပွဲတိုင်းကိုအားထည့်ကစားနေသလို အိမ်ကွင်းပွဲတွေမှာ တိုက်စစ်ကစားပုံကလည်း ပိုကောင်းတတ်တယ်။ ဗယ်လက်ကာနိုကလည်း နောက်ပိုင်းပွဲတွေမှာ တန်းမဆင်းရဖို့အားစိုက်ကစားနေပေမယ့် အဝေးကွင်းစွမ်းဆောင်ရည်က အားနည်းလွန်းတယ်။ ဂီဂျွန်ပဲ အနိုင်ရမယ်။

### ရီးယဲလ်- ဘီဘာအို — ည ၉း၃၀ (၁၃-၂-၁၆)

ဇီဒန်းလက်ထက်မှာ ရီးယဲလ်မက်ဒရစ်ရဲ့ စွမ်းဆောင်ရည်က ကောင်းမွန်လာတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေ မှာ တိုက်စစ်ရဲ့ ထိုးဖောက်အားနဲ့ အဆုံးသတ်ပိုင်းကသိသိသာသာ တက်လာတယ်။ ဘီဘာအိုက ခြေစွမ်းပိုင်းမဆိုးပေမယ့် အဝေးကွင်းပွဲစဉ်တွေမှာ ခံစစ်စွမ်းဆောင်ရည်မတည်ငြိမ်တတ်ဘူး။ ရီးယဲလ်မက်ဒရစ်ပဲ အနိုင်ရမယ်။

### ဗီလာရီးယဲလ်- မာလာဂါ — ည ၁၁း၄၅ (၁၃-၂-၁၆)

မာလာဂါက နောက်ပိုင်းပွဲတွေမှာ ပွဲတိုင်းကိုအားစိုက်ကစားနေသလို အဝေးကွင်းစွမ်းဆောင်ရည်လည်း တက်လာတယ်။ အဝေးကွင်းနောက်ဆုံးနှစ်ပွဲမှာ ဆီဗီလာကို အကောင်းဆုံးခံကစားနိုင်ခဲ့ကာ နှစ်ဂိုး၊ တစ်ဂိုးနဲ့သာကပ်ရှုံးခဲ့ပြီး အီဘားကိုအနိုင်ရခဲ့တယ်။ ဗီလာရီးယဲလ်ခြေကောင်းနေပေမယ့် မာလာဂါကို ဂိုးပြတ်အနိုင်ရဖို့ဘယ်လိုမှ မလွယ်ဘူး။

### ဗလင်စီယာ - အက်စ်ပန်ညို — နံနက် ၂း၀၀ (၁၄-၂-၁၆)

နေဗီးလ်လက်ထက်မှာ ဗလင်စီယာခြေကအတော်ကလေးအားနည်းနေတယ်။ အိမ်ကွင်းပွဲတွေမှာတောင် ရလဒ်မကောင်းဘဲ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာ ဂီဂျွန်ကိုတောင် ရှုံးနိမ့်ခဲ့ရပါတယ်။ ဒါပေမယ့် အက်စ်ပန်ညိုခြေကလည်း အားနည်းလွန်းပြီး အဝေးကွင်းစွမ်းဆောင်ရည်ကလည်း ညံ့လို့ ဗလင်စီယာသရေလောက်တော့ရမယ်။

### ဒီပို့တီဗို- ဘက်တစ် — နံနက် ၃း၃၅ (၁၄-၂-၁၆)

ဘက်တစ်ကတန်းဆင်းဇုန်ထဲက အသင်းတွေနဲ့ အမှတ်ကွာဟမှုကျဉ်းမြောင်းလွန်းနေတာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ ပွဲတိုင်းအားစိုက်ကစားနေပေမယ့် တိုက်စစ်ပိုင်းအားနည်းမှုကြောင့် နိုင်ပွဲတွေမရဘဲ ဖြစ်နေတယ်။ ဒီပို့တီပို ကတော့ ခြေမဆိုးသလို အိမ်ကွင်းအားပါရှိနေတယ်။ ဒီပို့တီပိုကသာနိုင်ပွဲရသွားမှာပါ။

### ဆိုစီဒက် - ဂရန်နာဒါ — ညနေ ၅း၃၀ (၁၄-၂-၁၆)

တန်းဆင်းဇုန်အတွင်းက ဂရန်နာဒါဟာ တန်းမဆင်းရဖို့အတွက် အများအယွင်းအဖြစ်မခံတဲ့ အခြေအနေမှာ ရောက်နေတာကြောင့် ပွဲတိုင်းကို ဂရုတစိုက်နဲ့ ကစားနေတယ်။ ဒါပေမယ့် ဆိုစီဒက်ကလည်း တန်းမဆင်းရဖို့ အာမခံချက်မရှိသေးလို့ အိမ်ကွင်းမှာအားစိုက်လာမှာသေချာတယ်။ ခြေပိုကောင်းတဲ့ ဆိုစီဒက်ပဲအနိုင်ရမယ်။

### ဆီဗီလာ - လက်ပဲလ်မက်စ် — ည ၉း၃၀ (၁၄-၂-၁၆)

ဆီဗီလာခြေက တောက်လျှောက်ကောင်းမွန်နေတယ်။ ဥရောပဝင်ခွင့်ရဖို့ပါ မျှော်လင့်ထားတာကြောင့် ပွဲတိုင်းအားစိုက်ကစားနေကာနဂိုကတည်းက အိမ်ကွင်းပွဲတွေမှာလည်း ခြေပိုကောင်းတတ်တဲ့ သဘောရှိနေတယ်။ ဒါကြောင့် လက်ပဲလ်မက်စ်ခြေစွမ်းပိုင်းက မဆိုးပေမယ့်လည်း ဆီဗီလာကိုတော့မထိန်းနိုင်လောက်ဘူး။ ဆီဗီလာအနိုင်ပါ။

### အီဘား - လီဗန်တေး — ည ၁၁း၄၅ (၁၄-၂-၁၆)

လီဗန်းတေးက တန်းမဆင်းရဖို့အတွက် ပွဲတိုင်းအားစိုက်ကစားနေပေမယ့် အဝေးကွင်းစွမ်းဆောင်ရည်က ညံ့လွန်းပါတယ်။ အဝေးကွင်းမှာ နောက်ဆုံးသုံးပွဲဆက်တိုက် အရှုံးတွေနဲ့သာရင်ဆိုင်ခဲ့ရသလို ခံစစ်ကလည်း အားနည်းလွန်း တာကြောင့် အီဘားအိမ်ကွင်းအားကိုထိန်းဖို့ မလွယ်နိုင်ဘူး။ အီဘားကသာနိုင်ပွဲရမယ်။

### ဂီတာဖေး -အက်သလက်တီကို — ည ၁၁း၄၅ (၁၄-၂-၁၆)

အက်သလက်တီကိုက ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ပွဲစဉ်ကစားရဖို့ မရှိဘူး။ ဒါကြောင့် ဒီလာလီဂါပြိုင်ပွဲကိုသာ အာရုံစိုက်ကစားလာမှာသေချာနေသလို လက်ရှိခြေစွမ်းကလည်း ကောင်းမွန်နေပါတယ်။ ဂီတာဖေးက အိမ်ကွင်းရန်းအားကောင်းမွန်တဲ့အသင်းဆိုပေမယ့် လက်ရှိခြေစွမ်းက မတည်ငြိမ်ပါဘူး။ အက်သလက်တီကိုပဲအနိုင်ရမယ်။

### ဘာစီလိုနာ-ဆယ်လ်တာဗီဂို — နံနက် ၂း၀၀ (၁၅-၂-၁၆)

ဘာစီလိုနာခြေက အတော်လေးထက်မြက်နေတယ်။ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေအတော်လေးကောင်းမွန်ပြီး အက်သလက်တီကိုနည်းတူ ဒီပွဲအပြီးမှာလည်း ချန်ပီယံလိဂ်ပွဲစဉ်ကစားရဖို့ မရှိပါဘူး။ ဆယ်လ်တာဗီဂိုရဲ့ ခြေကတော့ တောက်လျှောက်ကို ကျဆင်းနေပါတယ်။ အိမ်ကွင်းလည်းဖြစ်လို့ ဘာစီလိုနာပဲ အနိုင်ရမယ်။ [ရှိုင်းမင်းမင်း]

## နွားအထီး ၅၆ ကောင် တရားမဝင်သယ်ဆောင်လာသူ ၁၇ ဦးအား ဖမ်းဆီးအရေးယူ

**စဉ့်ကူး ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် လက်ပန်လှနယ်မြေရဲစခန်းရှေ့ တစ်ဖာလုံခန့်တွင် ဖေဖော်ဝါရီ ၁၁ရက် နံနက် ၁ နာရီခွဲခန့်က မန္တလေးဘက်မှ မိုးကုတ်ဘက်သို့ ကားလေးစီးဖြင့် တရားမဝင်သယ်ဆောင်လာသည့် ခိုင်းနွားအထီး ၅၆ ကောင်နှင့် သယ်ဆောင်လာသူ ၁၇ ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ စဉ့်ကူးမြို့နယ် လက်ပန်လှနယ်မြေ ရဲစခန်းရှေ့ တစ်ဖာလုံခန့်တွင် ဒု-ရဲအုပ် ဇော်မျိုးထက်နှင့်အဖွဲ့ သည် ယာဉ်များအား ရှာဖွေစဉ် မန္တလေးဘက်မှ မိုးကုတ် ဘက်သို့ ညီညီအောင် မောင်းနှင်လာသည့် MDY-5B/---- UDCUDOR ယာဉ်ပေါ်တွင် နွားအထီး ၁၄ကောင်၊ ရှိုင်းမောင် မောင်းနှင်လာသည့် MDY-8G /---- NISSAN DIESEL ယာဉ်ပေါ်တွင် နွားအထီး ၁၄ကောင်၊ ဇာနည်အောင် မောင်းနှင်လာသည့် MDY-81/---- UDCUDOR ယာဉ်ပေါ်တွင် နွားအထီး ၁၃ကောင်နှင့် အောင်မျိုး မောင်းနှင်လာသည် MDY-6B/---- NISSAN DIESEL ယာဉ်ပေါ်တွင် နွားအထီး ၁၅ ကောင်တို့အား တရားဝင်သယ်ယူခွင့် တစ်စုံတစ်ရာ ပြသပြောဆိုနိုင်ခြင်းမရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းလေးဦးနှင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူ ၁၃ ဦးတို့အား လက်ပန်လှနယ်မြေရဲစခန်းက အမှုဖွင့် ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝင်းမောင်)**

## ရထားပေါ်တွင်ကျန်ခဲ့သည့်ပစ္စည်းအား နိုင်ငံခြားသားခရီးသည်ထံ ပြန်လည်ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

အမှတ်(၁၃၁)အဆန် မန္တလေး-လားရှိုးရထားသည် ဖေဖော်ဝါရီ ၉ ရက် ညနေ ၃ နာရီခွဲတွင် ဘူတာသို့ ဆိုက်ရောက်ပြီး ပြန်လည်ထွက်ခွာစဉ် ရိုးရိုးတန်း တွဲအမှတ်(၂) ခုံအမှတ်(၃၁/၃၂)တွင် ပြင်ဦးလွင်ဘူတာမှ သီပေါဘူတာအထိ စီးနင်းလိုက်ပါလာသော ဩစတြေးလျနိုင်ငံသား MARKUS သည် ရထားပေါ်မှ ဆင်းသွားခဲ့ပြီးနောက် ၎င်းပိုင် SPEAKER တစ်ခု ရထားပေါ်တွင် ကျန်ခဲ့ကြောင်း သီပေါဘူတာဒု-ရုံပိုင် ဦးဆန်းမင်းအောင်မှတစ်ဆင့် ရထားလုံခြုံရေး လိုက်ပါသည့် ရထားရဲတပ်ဖွဲ့ အမှတ်(၅)တပ်ခွဲ၊ တပ်စု(၂)နောင်ချိုတပ်စိတ်မှ အဖွဲ့ထံ အကြောင်းကြားခဲ့သည်။

၎င်းအဖွဲ့သည် အဆိုပါ နိုင်ငံခြားသားခရီးသည် ကျန်ရှိခဲ့သည့် SPEAKER အား ရထားပေါ်တွင် လိုက်လံရှာဖွေရာ ၎င်းလိုက်ပါလာသည့် ရိုးရိုးတန်း၏ ခရီးသည်ပစ္စည်းတင်သည့် တန်းပေါ်တွင် ရှာဖွေတွေ့ရှိသဖြင့် ပြန်လည် ပေးအပ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ခဲ့သည်။

သို့ပါ၍ သီပေါဘူတာသို့ ကြိုတင်အကြောင်းကြားထားရှိပြီး လားရှိုးဘူတာမှ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၅ နာရီ ထွက်ခွာသည့် အမှတ်(၁၃၂)အစုန် လားရှိုး - မန္တလေးရထား သီပေါဘူတာသို့ ဆိုက်ရောက်စဉ် ကျန်ရှိခဲ့သည့် ဩစတြေးလျနိုင်ငံသား ခရီးသည်၏ SPEAKER အား ပိုင်ရှင်ဖြစ်သူထံ ပြန်လည်ပေးအပ်ခဲ့သည်။

**(သတင်းစဉ်)**

## ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

တာမွေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၉ ရက်က တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ဦးထွန်းမြတ်လမ်း Vitoria International School အရှေ့ဘက်တွင် MDY 1 G- Toyota Hilux Vigo ယာဉ်ကို စစ်ဆေးရာ အောင်မြတ်ကျော်(ခ) ညီညီစိုးအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက် ဖော်ထုတ်ချက်အရ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု(၄၂) ရန်ကုန်(အနောက်)မှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် (ဈ) ရပ်ကွက် ဘုမ္မာ(၂) လမ်းနေ ဝေသာထွန်း(ခ) မျိုးဇော်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၀၈၀၀ နှင့် ၎င်းငှားရမ်းထားသော လှိုင်သာယာမြို့နယ်အတွင်း ပဒံကျေးရွာ ရွှေကမ်းသာယာအိမ်ရာရှိ ၎င်း၏ နေအိမ်မှ လက်နက်ခဲယမ်းများ ထပ်မံ သိမ်းဆည်းရမိခဲ့သည်။



ဝေသာထွန်း(ခ) မျိုးဇော်နှင့် အောင်မြတ်ကျော်(ခ) ညီညီစိုးတို့ နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မူးယစ်တပ်ဖွဲ့ခွဲ(၁) မန္တလေးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၉ ရက်က ပြည်ကြီးတံခွန်မြို့နယ် ဝ-၆ ရပ်ကွက် သာယာဝတီမင်းကြီးလမ်းရှိ တည်းခိုခန်းသို့ ရောက်ရှိလာသူ ဇော်စိုင်းဦးနှင့် မအေးသန္တာထွန်းတို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၀၀နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ဖေဖော်ဝါရီ ၈ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၁၈)ရပ်ကွက် သီတာလမ်း မ/၁၆၅၀(ခ)နေ ကျော်ဝင်းမြင့်၏



ဇော်ဇော်အောင်(ခ)ဖေရွှတ်၊ စိုးနိုင်(ခ)မာမက်ရှိဖစ်နှင့် ဇော်မင်းနိုင်(ခ)အာဂျီမူလာတို့သုံးဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၅၈ ပြားနှင့် စိတ်ကြွရူးသွပ်ဆေးပြားအကြေ သုည ဒသမ ၀၀၅ ကီလို၊ မြန်မာငွေ ကျပ် ၅၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ မူးယစ်တပ်ဖွဲ့စု(၄၂) ရန်ကုန် (အနောက်)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက်က ဗဟန်းမြို့နယ် ဗိုလ်ချို (၂)ရပ်ကွက်ရှိ လက်ဖက်ရည်ဆိုင်တွင် ဇော်ဇော်အောင်(ခ)ဖေရွှတ် မောင်းနှင်ပြီး စိုးနိုင်(ခ)မာမက်ရှိဖစ် လိုက်ပါသည့် CC/----- Probox အငှားယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်း၊ လက်ကိုင်ဖုန်းငါးလုံးနှင့် စိုးနိုင်နေထိုင်သည့် တာမွေမြို့နယ် တာမွေကြီး(က/ဂ) ရပ်ကွက် ရွှေဥဒေါင်းလမ်းသို့ သွားရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၉၆ သိန်းပြား ထပ်မံ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**






### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိမ်အမှတ်(၈၀)၊ သရက်တော(၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆ အက်ဖ်)၊ မြေကွက်အမှတ်(၅၂)၊ ဧရိယာ(၀. ၀၂၈)ဧက၊ (၁၂၂၀. ၈၃)စတုရန်းပေရှိ အစိုးရမြေအား ဒေါ်ဝင်းနုနုထွေး[၉/မရတ(နိုင်)၁၁၁၂၃၃]အမည်ဖြင့် မြေငှားစာချုပ်(အထူးဂရန်) ထုတ်ပေးမည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(အထူးဂရန်)ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာဌာနခွဲ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ဝေဘာဂီ)၊ မြေကွက်အမှတ်(၂၁)၊ မြေကွက်တည်နေရာအမှတ်(၂၁)၊ သဇင်နီလမ်း၊ (ဦးထွန်းကြိုင်-စီအက်ဖ်၁၀၃၂၉၆)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းကြိုင်ဖြစ်ပြီး ဦးထွန်းကြိုင် ဒေါ်တင်တင်(တရားရုံးများ)ကိုယ်စား မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ ဘီလစ်ဒေါ်သူဇာ[၆/ထဝန(နိုင်)၀၂၆၃၄၃]က ဘီလစ်ခန့်အပ်စာ၊ တရားမကြီးမှုအမှတ်(၁၃၄/၁၄)စီရင်ချက်နှင့်ဒီကရီတရားမဇာရီမှုအမှတ်(၁၅/၁၅) တရားရုံးနေ့မှတ်တမ်းတို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇-အီး)၊ မြေကွက်အမှတ်(V-၁၅၉)၊ မြေကွက်တည်နေရာအမှတ်(၂၀)၊ အိမ်ကြီးလမ်း၊ (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ မောင်ဘိုးသက်အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် ဦးဘိုးသက်ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၁၁၃၂/၁၉၈၄)၊ (၂၆-၁၂-၁၉၈၄)အရ မြေးဖြစ်သူ၏ ဒေါ်လှရင်မှပိုင်ဆိုင်ပြီး ဒေါ်လှရင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၆၆/၁၉၈၇)(၆-၂-၁၉၈၇)အရ ဝယ်ယူထားသူ ဦးဘညွှန့်နှင့်ဇနီး ဒေါ်ရင်မေတို့ အသီးသီးကွယ်လွန်သဖြင့် ၁။ဦးထွန်းမင်းစိုး(ခ)တင်ဇော်ဝင်း[၁၂/ပဇတ(နိုင်)၀၂၃၇၆၇]၊ ၂။ဦးကျော်ငြိမ်း[၁၂/ပဇတ(နိုင်)၀၂၈၇၃၀]၊ ၃။ဒေါ်မော်ခင်[၁၂/ပဇတ(နိုင်)၀၀၆၉၂၉]၊ ၄။ဦးအေးလွင်[၁၂/ပဇတ(နိုင်)၀၂၈၇၃၉]၊ ၅။ဦးခိုင်ဇော်ဝင်း[၁၂/ပဇတ(နိုင်)၀၂၉၁၂၀]၊ ၆။ဒေါ်သန်းလှရီ[၁၃/ညရန(နိုင်)၀၀၈၁၁၅]၊ ၇။ဦးတင့်ဝေ[၁၂/ပဇတ(နိုင်)၀၀၇၀၂၂]တို့က သား/သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ









### ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘုရားလမ်းအိမ်ရာစီမံကိန်းရှိ Asia World ကုမ္ပဏီမှရရှိခဲ့သည့် တိုက်အမှတ်(၃၇)၊ ၂ခန်းတွဲ ၄ ထပ်တိုက်မှ အခန်းအမှတ်(၂၀၁)၊ (၃၀၂)တို့ကို ဦးထွန်းမြင့်နိုင်[၁၂/မရက(နိုင်)၁၀၁၆၃၅]အမည်ဖြင့်လည်းကောင်း၊ အခန်းအမှတ်(၂၀၂)ကို ဦးမောင်ကျေး[၁၂/လသန(နိုင်)၀၁၈၁၇၄]အမည်တို့ဖြင့် Owner Book ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ခေမာလမ်း၊ အမှတ်(၁၀) မြေညီခေါင်းရင်းဘက်၊ လူနေတိုက်ခန်းအား လက်ရှိနေထိုင်ပိုင်ဆိုင်သည်ဟုဆိုသူ ဦးအောင်ရထံမှ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်စရန်ငွေပေးချေစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။

ဖော်ပြပါ လူနေတိုက်ခန်းအပြီးအပိုင်ရောင်းချ၊ ဝယ်ယူရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ(ရှိပါက) ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ၎င်းရက်ကျော်လွန်ပါက အပြီးအပိုင်အရောင်း အဝယ်စာချုပ်ချုပ်၍ ဝယ်ယူမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်မြင့်
H.G.P,LL.B,D.B.L,D.M.L,D.I.L
Dp in Applied Psychology
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၁၄၇/၈၇)
အမှတ်(၂၁၃)၊ မဟာဗောဂ(၁)လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၀၄၀၄၇၊ ၀၉-၅၁၉၅၁၆၈

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## အမြင်များ ပွားများရေး

ဆူဒိုနင်

### မဝါဒ

အရင်အပတ်က ကျွန်တော့်ဆောင်းပါးထဲက စာတစ်ပိုဒ်ကို မဝါဒီ တစ်ဦးက မကျေမနပ် ဖြစ်သွားတယ်။ အမိယုတ် နှုတ်ကြမ်းလို့ ရေးလိုက်တဲ့ အတွက်ပါ။ သူက ဖအေတွေ (ယောက်ျားတွေ) မှာ တာဝန်မရှိဘူး၊ ထစ်ခနဲရှိ မိန်းမတွေကိုပဲ မဲတယ်ဆိုတဲ့ ရှုထောင့်ကနေ အနက်ဖွင့်လိုက်ပုံ ရပါတယ်။

သည်နေရာမှာ မဝါဒ (Feminism) ကို ကျွန်တော် နားလည်ထားပုံကို အနည်းအပါး ပြောဖို့လိုမယ် ထင်ပါတယ်။ မဝါဒဆိုတာ မိန်းမသားများအား ရှေ့တန်းတင်ရေး၊ မိန်းမသားများကို ဦးထိပ်ထားရေး မဟုတ်ပါဘူး။ လူ့ဘောင်မှာ ယောက်ျားနဲ့ မိန်းမအတူတကွ ယှဉ်တွဲနေထိုင်တယ်။ သဘာဝချင်း မတူသော်လည်းပဲ လူသားများသာ ဖြစ်ကြတယ်။ ဒါ့ကြောင့် မိန်းမကို နှိမ်တာ၊ နောက်တန်းမှာ ထားတာ၊ နောက်ဆုံးပေါ် စကားလုံးနဲ့ဆိုရင် ခွဲခြားဆက်ဆံတာ မလုပ်သင့်ဘူး။ တန်းတူ အခွင့်အရေးကို မွေးရာပါ ခံစားခွင့်တစ်ခုအနေနဲ့ ခံစားပိုင်ခွင့် ရှိတယ်ဆိုတဲ့ ခံယူချက်ဟာ မဝါဒရဲ့ အနှစ်သာရ ဖြစ်ပါတယ်။

ယနေ့ ဒီမိုကရေစီ နိုင်ငံကြီးတွေမှာတောင် ၁၉ ရာစုတုန်းက အမျိုးသမီးတွေ နိုင်ငံရေးမှာ ပြောရေး ဆိုခွင့်ဆိုတာ ဝေလာ ဝေး၊ မဲပေးခွင့်တောင် မရခဲ့ကြပါဘူး။ အဲဒါကို စတင်ပြောင်းလဲဖို့ အားထုတ်ရင်းက မဝါဒ စတင်လာခဲ့တယ်လို့ ဖတ်ဖူးပါတယ်။

မဝါဒဆိုတာဟာ လူသားချင်း သာတူညီမျှ အခွင့်အရေး ခံစားခွင့် ရှိရေး၊ တန်းတူရည်တူဖြစ်ရေးအတွက် အခြေခံကျတဲ့ အယူအဆတစ်ခုရယ်လို့ ကျွန်တော် နားလည်ခံယူထားပါတယ်။ အားလည်းပေးပါတယ်။ ဇာတိမျိုးနွယ်ကြောင့်၊ ကိုးကွယ်သက်ဝင်ပုံကြောင့်၊ လူနေမှု အဆင့်အတန်းကြောင့်၊ ရာထူးကြောင့်၊ ဌာနကြောင့်၊ ကျားဖြစ်မှု၊ မဖြစ်မှုကြောင့်၊ လိင်စိတ်ကွဲပြားမှုကြောင့်၊ အသားအရောင်ကြောင့်၊ ဝင်ငွေကြောင့် အစရှိသဖြင့် အကြောင်းတစ်ခုခုကို အကြောင်းပြုပြီး လူချင်းအတူတူ နှိမ်တာ၊ ခွဲခြားတာကို အားမပေးထိုက်ဘူးလို့ နားလည်ပါတယ်။

### ကျား၊ မတို့ရဲ့ တာဝန်

ကွဲပြားနေတဲ့ ကျားနဲ့ မမှာ တာဝန်အသီးသီး ရှိကြပါတယ်။ အဲဒီမှာ အစဉ်အလာ တာဝန်နဲ့ သဘာဝတာဝန်ဆိုပြီး နှစ်မျိုး ခွဲနိုင်မလား မသိဘူးခင်ဗျ။

ယောက်ျားဆိုတာ အိမ်ထောင်ဦးစီး၊ မိသားစုအတွက် ဦးဆောင်ပြီး ဝင်ငွေရှာသူ၊ မိသားစုကို ရှာဖွေကျွေးမွေးသူဆိုတဲ့ တာဝန်ဆိုတာမျိုးက အစဉ်အလာတာဝန်ပါ။ အဲဒါနဲ့ တစ်ဆက်တည်းမှာ အိမ်တွင်းမှုအလုပ် သိမ်းထုပ်သေချာဆိုတာမျိုး ဟာလည်း အမျိုးသမီးတို့ရဲ့ အစဉ်အလာ တာဝန်ပါ။

အဲဒီ အစဉ်အလာတာဝန်ဆိုတာ အစဉ်အဆက်က ကျင့်သုံးခဲ့ကြလို့မေးခွန်း သိပ်မထုတ်ကြဘဲ လူအများစုက အလွယ်တကူ လိုက်နာကျင့်သုံးနေတတ်တဲ့ တာဝန်မျိုးသာ ဖြစ်ပါတယ်။ တကယ့်လက်တွေ့နယ်ပယ်မှာတော့ မိသားစုကို ရှာဖွေ ကျွေးမွေးနေတဲ့ မိန်းမသားတွေ ရှိနေပြီး ခင်ပွန်းသည်က မယားလုပ်စာ ထိုင်စားလင့်ကစား အိမ်ထောင် ဦးစီးနေရာမှာတော့ ယောက်ျားကသာ ရှိနေတဲ့ မိသားစုတွေလည်း ရှိပါတယ်။ (ကျွန်တော့်အိမ်မှာက လွဲရင်ပေါ့။ ကျွန်တော့်အိမ်မှာတော့ ကျွန်တော်က အိမ်ထောင်ဦးစီး၏ ခင်ပွန်းခင်ဗျ၊ ကျွန်တော့်ဇနီးကသာ အိမ်ထောင်ဦးစီးဖြစ်ပါတယ်။ နေရာတကာ လွဲတတ်တဲ့ ကျွန်တော်ဟာ သည်နေရာမှာလည်း လွဲပါတယ်။ သို့သော် ကျေကျေနပ်နပ်ကြီးကို လွဲနေတာပါ။)

> ပုခက်လွှဲသော လက်က ကမ္ဘာကို ပိုင်စိုးနိုင်တယ်ဆိုတဲ့ စကားဟာအလကားစကား မဟုတ်ပါဘူး။ လေးလေးနက်နက် ဆင်ခြင်လေ အင်မတန်မှန်တဲ့စကား ဖြစ်လေဆိုတာကို တစိမ့်စိမ့် စဉ်းစားကြည့်ရင် ပေါ်လွင်လာမှာပါ။

အလားတူပဲ၊ အချက်အပြုတ်ကောင်းတဲ့ ယောက်ျား၊ အိမ်မှုကိစ္စကို နိုင်နင်းပြီး စေ့စပ်သေချာတဲ့ ယောက်ျားတွေ လည်း အများအပြား ရှိပါတယ်။ ပြောချင်တာက အစဉ်အလာ တာဝန်ဆိုတာကနေ မညီမျှမှု၊ ခွဲခြားမှု၊ နှိမ့်ချမှုတွေ ဖြစ်လာစေနိုင်တာမို့ အမျိုးသမီး၊ အမျိုးသား တန်းတူရေးဆိုတာက အရေးကြီးလာရပါတော့တယ်။

တစ်ခေတ်တစ်ခါက ဆရာဝန်၊ ရှေ့နေ၊ စာရင်းကိုင်၊ အင်ဂျင်နီယာဆိုတဲ့ နေရာတွေမှာ အမျိုးသားတွေသာ ရှိခဲ့ပါတယ်။ ပညာသင်ပေးရင်တောင် မိန်းကလေးပဲ သေစာ၊ ရှင်စာလောက် တတ်ရင်တော်ပြီဆိုပြီး အလယ်တန်းလောက်နဲ့ ကျောင်းထွက် လိုက်ရတဲ့ အမျိုးသမီးတွေလည်းများခဲ့ပါတယ်။ အဲတော့ ရာထူးနေရာအတော်များများမှာ ယောက်ျားတွေပဲ ကြီးစိုးနေခဲ့တော့တာပေ့ါ။

ဒါပေမယ့် အဲဒီအစဉ်အလာဟာ နှစ်ပေါင်း ၈၀-၉၀ လောက်အတွင်းမှာ တစတစနဲ့ အကြီးအကျယ်ပြောင်းလဲလာခဲ့တာမို့ ယနေ့ကာလမှာတော့ အမျိုးသမီးတွေကို အသက်မွေးမှုမျိုးစုံမှာ အုံနဲ့ ကျင်းနဲ့ တွေ့လာနေကြရပါပြီ။

### သဘာဝ တာဝန်

သဘာဝတာဝန်ကတော့ သဘာဝတရားက ယောက်ျားရယ်၊ မိန်းမရယ်ဆိုပြီး သတ်မှတ်ပြဋ္ဌာန်းလိုက်ခြင်းနဲ့အတူ ပါရှိလာတဲ့ ခန္ဓာဗေဒ ကွဲပြားမှုပေါ် အခြေခံထားတဲ့ တာဝန်တွေ ဖြစ်ပါတယ်။

မိခင်၊ ဖခင်ဆိုတဲ့ တာဝန်ဟာ အဲဒီ သဘာဝတာဝန်ပါ။

သူနာပြုအလုပ်၊ မူကြိုဆရာ၊ မူလတန်းဆရာ အလုပ်မျိုးဟာ သဘာဝအရကို မိခင်စိတ်ရှိသူ အမျိုးသမီးတွေနဲ့ ပိုလို့ အပ်စပ်တဲ့ အသက်မွေးမှုလို့ ဆိုနိုင်ပေမယ့် ယောက်ျားတွေလည်း ဝင်လုပ်နိုင်တဲ့ အလုပ်မျိုး၊ တစ်နည်းပြောရရင်အစဉ်အလာ တာဝန်သာ ဖြစ်ပါတယ်။ ကုန်တင်ကုန်ချ လုပ်သားလို၊ အလေးအပင်မရတာလို ကာယအားကို အသုံးပြုရတဲ့ အလုပ်တွေမှာလည်း သဘာဝအရကို ခန္ဓာကိုယ် ပိုမိုကြံ့ခိုင်တဲ့ ယောက်ျားသားတွေနဲ့ ပိုလို့ အပ်စပ်သည့်တိုင်ယောက်ျားတွေနီးပါး ကိုယ်ကာယကြံ့ခိုင်သူ မိန်းမသားတွေလည်း ဝင်လုပ်နိုင်တာပါပဲ။

အလားတူ၊ ထမင်းဟင်းချက်တဲ့ အလုပ်၊ လျှော်ဖွပ်တဲ့ အလုပ်၊ အိမ်သန့်ရှင်းရေး အလုပ်များကို ယောက်ျားတွေ ဝင်လုပ်နေနိုင်ကြပေမယ့် ကလေးမွေးတဲ့အလုပ်၊ ရင်သွေးကို နို့ချိုတိုက်ကျွေးတဲ့ အလုပ်ကိုကျတော့ဝင်လုပ်လို့ မရတော့ပါဘူး။ အဲဒါဟာ သဘာဝက ပြဋ္ဌာန်းပေးလိုက်တဲ့ တာဝန်ဖြစ်ပါတယ်။

### ပူးတွဲပါ တာဝန်

အဲသလို သဘာဝအရ ဘယ်လိုမှကို လက်ပြောင်းလို့ မရတဲ့ တာဝန်ကွဲလွဲမှုများနဲ့အတူ ကပ်ပါနေတာက သားသမီး ပျိုးထောင်ရေး အပိုင်းမှာ ဖြစ်ပါတယ်။ မွေးကင်းစမှသည် အသက် ၃-၄ နှစ်အထိအတွင်းမှာ ကလေးတိုင်းဟာ ဖခင်နဲ့ထက် မိခင်နဲ့ နေရချိန်က အဆမတန် ပိုများပါတယ်။ ဒါ့ကြောင့်လည်း ပုဗ္ဗာစရိယမှာ အမေက ရှေ့ကနေပြီး မိနဲ့ ဖ ဖြစ်လာတာပါ။

မအေဆိုတာကလည်း ကလေးကို မြူတဲ့အခါ ဆွံ့အမိခင်ကလွဲရင် ကျန်မိခင်တိုင်းက အသံနဲ့၊ စကားနဲ့ မြူကြ ချော့ကြသူ ချည်းပါပဲ။ အဲဒီကမှ ကလေးက စကားတတ်လာတာပါ။ ဒါ့ကြောင့်လည်း မိခင်ဘာသာစကားလို့သာ ခေါ်ဝေါ်ကြတာပါ။ ဖခင် ဘာသာစကားလို့ ဘယ်သူကမှ မခေါ်ကြပါဘူး။ မအေဆီက စကားတတ်လာသလိုပဲ နှုတ်ကြမ်းခြင်းဟာလည်း မအေ့ဆီမှာ ရာခိုင်နှုန်းအတော်များများ အခြေခံတာလည်း မလွဲပါဘူး။

ဖော့ဖယောင်းလို ပျော့ပျောင်းလှတဲ့ ကလေးတစ်ယောက်ရဲ့ အကျင့်စရိုက်ကို ပုံဖော်ယူတာဟာ အမိဝမ်းက ကျွတ်ပြီးနောက် ပထမ ငါးနှစ်အတွင်းမှာသာ ဖြစ်တယ်လို့ ပညာရှင်တွေက လက်ခံထားပြီးလည်း ဖြစ်ပါတယ်။ သည် ပထမ ငါးနှစ်အတွင်းမှာ ၉၉ ရာခိုင်နှုန်းသော ကလေးတွေဟာ မိခင်ရဲ့ လက်ပေါ်မှာသာ နေခဲ့ကြရတာလည်းပဲ ဖြစ်ပါတယ်။

ဒါကြောင့် လူသားတစ်ယောက် လူအဖြစ် ဖြစ်တည်လာရေးမှာ မိခင်ဟာ အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ရှိနေပါတယ်။ ဘယ်သူမှ လုယူလို့ မရတဲ့ အခန်းကဏ္ဍလည်းပဲ ဖြစ်ပါတယ်။

### အတုမဲ့လှ မိခင်ဘဝ

ဒါ့ကြောင့် မိခင်တွေ ဆင်ခြင်ဉာဏ်ရှိနေဖို့က အလွန်အရေးကြီးလှပါတယ်။ မိခင်များ ဖြစ်လာကြမယ့် မိန်းကလေးငယ်တွေ စာတတ်ဖို့၊ စာတတ်ရာမှတစ်ဆင့် ဆင်ခြင်ဉာဏ် ရင့်သန်လာရေးအတွက် စာဖတ်ကြဖို့ အလွန်ကို လိုအပ်လှတာကို လူတိုင်း မြင်သင့်ကြပါပြီ။ ဒါဟာ ကျား-မ တန်းတူရေးအတွက် တကယ့်ကို အရေးပါလှတဲ့ ခြေလှမ်းလည်းပဲ ဖြစ်ပါတယ်။

ပုခက်လွှဲသော လက်က ကမ္ဘာကို ပိုင်စိုးနိုင်တယ်ဆိုတဲ့ စကားဟာအလကားစကား မဟုတ်ပါဘူး။ လေးလေးနက်နက် ဆင်ခြင်လေ အင်မတန်မှန်တဲ့စကား ဖြစ်လေဆိုတာကို တစိမ့်စိမ့် စဉ်းစားကြည့်ရင် ပေါ်လွင်လာမှာပါ။

ဖြည့်စွက်ပြောရရင်တော့ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ ဥပဒေပြုရေး၊တရားစီရင်ရေးကဏ္ဍတွေမှာ အမျိုးသမီးတွေ နေရာယူလာခြင်းကလည်း လူ့ဘောင်အတွက် ပိုလို့ အပြုသဘောဆောင်တဲ့အကြောင်း သုတေသနတွေက ထင်ရှားပြဆိုခဲ့ပြီးလည်း ဖြစ်ပါတယ်။ မိခင်စိတ်ဆိုတဲ့ အမျိုးသမီးတို့ရဲ့ မွေးရာပါ၊ ယောက်ျားတွေ ဘယ်လိုမှ လိုက်တုလို့ မရနိုင်တဲ့ စိတ်ဓာတ်နဲ့ သည်တာဝန်တွေကို ထမ်းဆောင်ကြတဲ့အခါ စာနာစိတ်က နဂိုပါမို့ ပိုအောင်မြင်တဲ့ သာဓကတွေလည်း ရှိပါတယ်။

သည်တော့ကာ အမိယုတ် နှုတ်ကြမ်းလို့ အပြောခံရတဲ့အခါ မိန်းမတွေကို ဖွဲ့ပြန်ပြီလို့ မမြင်သင့်ဘဲ သည်အချက် မှန်ကန်ကြောင်း အသာတကြည် လက်ခံရင်း အမိယဉ်များ ကျွန်တော်တို့ ဝန်းကျင်မှာ အလျဉ်ကောင်းကောင်းနဲ့ပေါ်ထွက်လာရေးအတွက် ဝိုင်းဝန်းကြံဆ လုပ်ဆောင်သွားကြမယ်ဆိုရင် ပို မကောင်းဘူးလားဗျာလို့ မပြောရဲ ပြောရဲနဲ့ ဇွတ်မှိတ် ပြောလိုက်ရပြန်ပါပြီကော ခင်ဗျား။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစုံတရာရသွားမယ်လို့ မျှော်လင့်နေမိပါကြောင်း။

## အလောင်းတော်ကဿပဘုရားဖူးရန်သွားရာလမ်း၌ဆင်လိမ္မာလေးများအားစီးနင်းလာသူများပြားလာ



**မုံရွာ ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အနောက်ဘက်ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်း၌တည်ရှိသော အလောင်းတော်ကဿပဘုရားဖူးရန်သွားရာလမ်း၌ ယခင်က ငှားရမ်းစီးနင်းမှုနည်းသော ဆင်လိမ်မာလေးများအား ယခုနောက်ပိုင်းတွင် ငှားရမ်းစီးနင်းမှုများ ပြားလာကြောင်း သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကနီမြို့နယ်အတွင်းရှိ အလောင်းတော်ကဿပဘုရားပွဲတော်ကိုနှစ်စဉ် ဒီဇင်ဘာလမှ မတ်လအတွင်းဖြစ်ပြီး မြန်မာနိုင်ငံရှိဒေသခံပြည်သူများသာမက နိုင်ငံခြားသားများပါ လာရောက်လေ့လာလျက်ရှိ၍အထူးစည်းကားကြောင်းသိရသည်။

အလောင်းတော်ကဿပဘုရားအား ဖူးမြော်ကြည်ညိုကြမည့် ဘုရားဖူးပြည်သူများမှာ ယခင်က တောလမ်းတစ်လျှောက်ကို ခြေကျင်ဖြင့် သွားလာမှုမှာ ပိုမိုများပြားပြီး ဆင်စီးရန် ကြောက်ရွံ့မှုများရှိခြင်းကြောင့် ဆင်များအား စီးနင်းမှုနည်းပါးကာယခုနောက်ပိုင်းတွင် သစ်တောဦးစီးဌာနပိုင် ဆင်လိမ္မာလေးများကို စီးပြီး သွားရောက်ဘုရားဖူးရသည်ကို အထူးစိတ်ဝင်စားကြောင်း သိရသည်။

"ကျွန်တော်တို့က မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်က လာကြတာပါ။ မြန်မာနိုင်ငံမှာ တန်ခိုးကြီးဘုရားတွေအနက် အခုလို ဆင်လိမ္မာလေးတွေစီးပြီး ဘုရားဖူးရတာကို အလွန်သဘောကြပါတယ်။ အလောင်းတော်ကဿပဘုရားတည်ရှိရာကို ခြေကျင်လျှောက်ရင်လည်းရပါတယ်။ မိုင်အားဖြင့် တစ်မိုင်ကျော်ခန့်ရှိပေမယ့်လည်း ဆင်စီးပြီးသွားရတာကိုက စိတ်ထဲမှာ တစ်မျိုးခံစားရပါတယ်" ဟု ဘုရားဖူးပြည်သူတစ်ဦးက ပြောသည်။

ဆင်စီးနင်းခဈေးနှုန်းမှာ ဆင်တစ်ကောင်လျှင် ဘုရားတည်ရှိရာနေရာအရောက် ကျပ် ၈၀၀၀ ပေးရပြီး ဆင်တစ်ကောင်လျှင် လူလေးဦးစီးနင်းနိုင်ကာ သွားရာလမ်းတစ်လျှောက်တွင် တောတောင်သဘာဝအလှများကို ဆင်ပေါ်မှနေ၍ လေ့လာခံစားနိုင်သည်။

"ဒီနှစ်တော့အရင်နှစ်နဲ့မတူပါဘူး။ ဘုရားဖူးညည်သည်တွေက အရမ်းစည်းကားပါတယ်။ ဘုရားဖူးရာသီချိန်ရောက်တာနဲ့ အခုမြင်နေရတဲ့ သစ်တောပိုင်ဆင်လိမ္မာလေးတွေက လူတွေထက်တောင် ပျော်နေတယ် ထင်ရပါတယ်။ ဆင်စီးတဲ့ဘုရားဖူးပြည်သူတွေအတွက်လည်း ဘာမှအန္တရာယ်မရှိသလို အလောင်းတော်ကဿပဘုရား ကုန်မြေတည်ရှိရာ အတက်လမ်း၊ အဆင်းလမ်းတွေမှာလည်း ဆင်လိမ္မာလေးတွေက ဘုရားဖူးများကို အဆင်ပြေအောင် ပို့ဆောင်ပေးနေတာပါ" ဟု အဆိုပါဘုရားမှ ဆင်အငှားမောင်းသူ ဆင်ဦးစီးတစ်ဦးက ပြောသည်။

ကျော်ကျော်(မလှိုင်)

# နှစ်(၇၀)ခရီးတစ်ထောက် ခရီးပေါက်ခဲ့တဲ့ မြန်မာ့အသံ



တစ်ခေတ်တစ်ခါက မြန်မာ့အသံညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း(သုခိအောင်)က "အသံလွှင့်အနုပညာ" စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်းဆုရ စာရေးသူအား ၂၀၁၂ ခုနှစ်တွင် M3 စားသောက်ဆိုင်၌ ကျင်းပသော မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းဟောင်းများ တွေ့ဆုံပွဲတွင် ထပ်ဆင့်ဂုဏ်ပြုနေပုံ။

**à ကိုဖိုးအေး(မြန်မာ့အသံ)**

**ပြန်ကြားပေးရန် မြန်မာ့အသံ**
**ပညာပေးရန် မြန်မာ့အသံ**
**ဖျော်ဖြေမှုပေးရန် မြန်မာ့အသံ မြန်မာ့အသံ**
**ပြည်သူ့အတွက် မြန်မာ့အသံ မြန်မာ့အသံ**

ဟု ကြွေးကြော်ကာ ပြည်သူ့အကျိုးပြု အသံလွှင့်မီဒီယာနှင့် ရသပေးပြီး အနုပညာမြောက်စွာ ဆောင်ရွက်လာခဲ့သော မြန်မာ့အသံသည် ယခု ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် နှစ်(၇၀)ခရီးတစ်ထောက် ခရီးပေါက်လာခဲ့ပြီဖြစ်သည်။

မူလပထမ ကနဦးကာလမြစ်ဖျားခံရာ ဒေသနေရာကို ပြန်လည်ကြည့်ရှု သတိပြုလိုက်သော် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်က ဝါယာလက်ဆိုသည့် နေရာကို တွေ့ရှိရပေမည်။ ထိုဝါယာလက်ဆိုသည့် နေရာ ကလေးမှ အသံလွှင့်လုပ်ငန်းသည်ကားပြည်သူ့အတွက် သန္ဓေတည်ပေါက်ဖွားအကျိုးများစွာကို ပေးတော့မည့် အစပြုရာ ကနဦးလုပ်ငန်းဆိုလျှင် မှားအံ့မထင်ပေ။ ၁၉၃၇ ခုနှစ် လွန်ခဲ့သော ၇၉ နှစ်၊ ထိုအချိန်၊ ထိုကာလက ထိုနေရာ၌ အသံလွှင့်စက်ကို တည်ကာ ကြေညာမည့်သူမပါဘဲ ခါတ်ပြားသီချင်းသက်သက်နှင့်သာ စတင် ဖျော်ဖြေခဲ့ပေသည်။

ထို့နောက် ၁၉၃၈ ခုနှစ်သို့ ရောက်သောအခါ ရန်ကုန်မြို့ (၃၆)လမ်းရှိ ကြေးနန်းရုံးအောက်ထပ်ကို အသံ လွှင့်ရုံဖန်တီးကာ အသံလွှင့်ခဲ့သည်။

ထိုမှတစ်ဖန် ၁၉၄၂ ခုနှစ်တွင် မေမြို့(ယခုပြင်ဦးလွင်မြို့)မှ အသံလွှင့်။ နှစ်လခန့်အကြာ ဧပြီလတွင် အသံလွှင့်လုပ်ငန်း ခေတ္တချုပ်ငြိမ်းသွားပြီး ၁၉၄၂ ခုနှစ်တွင်ပင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ချင်းချောင်း နန်းတော် (ယခုအနုပညာဦးစီးဌာန)၌ ၁၉၄၅ ခုနှစ်အထိ သုံးနှစ်မျှ အသံလွှင့်ခဲ့သည်။

ထိုမှတစ်ဖန် ရန်ကုန်မြို့ လောင်းဝစ္စလမ်း (ယခု အင်းလျားမြိုင်လမ်း) အသံလွှင့်ရုံမှ ၁၉၄၈ ခုနှစ်အထိ အသံလွှင့်ခဲ့သည်။

ထို့နောက် ၁၉၄၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ဝင်ဒါမီယာ ကရဆင့်တွင် အသံလွှင့်ခဲ့သည်။

၁၉၆၀ ပြည့်နှစ်၌ ရန်ကုန်ပြည်လမ်းအသံလွှင့်ရုံကြီးသို့ ပြောင်းရွှေ့အသံလွှင့်ခဲ့သည်။ ပြည်လမ်းအသံလွှင့်ရုံကြီး၌ကား မြန်မာ့အသံသည် ထွားထွားကြိုင်းကြိုင်းကြီးဖြစ်လာပြီး မိခင်မြန်မာ့အသံသည် သားဦးရတနာ ရုပ်သံသာကို မွေးဖွားပေးလိုက်ပြီး နှစ်ဖြာသောသားအမိတို့သည် ၂၀၀၈ ခုနှစ်ခန့်မှစ၍ ခြောက်သွေ့ပူအိုက်၊ အေးလျှင်လည်း တခိုက်ခိုက်ရှိလှသော တပ်ကုန်းမြို့၏အနီး နှစ်မိုင်ခန့်ဝေးသည့် လွင်တီးခေါင်အရပ်သို့ သွားရောက်တည်ဆောက်အထိုင်ချရကာ ပြည်သူ့အကျိုးဆက်လက်သည်ပိုးလျက်ရှိနေရပါတော့သည်။ နာမသညာ ဒေသအား ကင်ပွန်းတပ်လိုက်ရသည်ကား "နေပြည်တော်တပ်ကုန်း"ဟူ လေသတည်း။

ဤသို့ဤနှယ် အနယ်နယ်အရပ်ရပ်သို့ ဟိုပြောင်းဒီပြောင်းနှင့်တပြောင်းပြောင်း ပြောင်းရွှေ့လာခဲ့ရသော မြန်မာ့အသံ၏ အရွေ့များတွင် ထူးခြားသော ကာလတစ်ခုကား ရှိခဲ့ပေသည်။ ထိုကာလကား ၁၉၄၆ ခုနှစ်ဖြစ်ပေသည်။ ဤနှစ် ဤကာလ၌ ဗြိတိသျှတို့၏ စစ်ဘက်အုပ်ချုပ်ရေးခေတ်မှ ကက်(စ်)ဘီခေါ် အရပ်ဘက်မြို့ ပြဆိုင်ရာ အစိုးရအုပ်ချုပ်ရေးခေတ်သို့ ပြောင်းလိုက်သော အရွေ့တစ်ခုဖြစ်ပေါ်လာသည်။ ဤအရွေ့၌ လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းသည် ဘုရင်ခံ၏ အတိုင်ပင်ခံအဖွဲ့ဝင်ဖြစ်လာသည်။ ထို့ကြောင့် ထိုကာလက အသံထုတ်လုပ်မှုလုပ်ငန်းသည်လည်း မြို့ပြဆိုင်ရာအစိုးရအုပ်ချုပ်ရေးအောက်သို့ ရောက်ရှိလာ ခဲ့သည်။

ထိုအခါ ထိုအစိုးရအဖွဲ့က အသံလွှင့်ခြင်းအနုပညာ၌လည်းကောင်း၊ အင်္ဂလိပ်-မြန်မာနှစ်ဘာသာ၌လည်းကောင်း ကျွမ်းကျွမ်းကျင်ကျင်ဖြင့် အရည်အချင်းနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူးတစ်ယောက်ကို သွားတွေ့လေသည်။ ထိုပညာရှိကား ရန်ကုန်တက္ကသိုလ် ပိဋကတ်တိုက်မှူး ဦးခင်ဇော် (K) ဖြစ်သည်။ ဦးခင်ဇော် (K) သည် လန်ဒန်မြို့ရှိ ဘီဘီစီအသံလွှင့်ဌာန မြန်မာပိုင်းအစီအစဉ်တွင်လည်းကောင်း၊ နယူးဒေလီမြို့ အောအင်ဒီးယားအသံလွှင့်ဌာန မြန်မာပိုင်းအစီအစဉ်တွင်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ဤသို့ အသံလွှင့်ပညာအတွေ့အကြုံလည်းရှိ မြန်မာ၊ အင်္ဂလိပ်အနုစာပေ ပညာလည်းရှိသော ဦးခင်ဇော် (K)ကို ခေါ်ယူ၍ မြန်မာနိုင်ငံအသံလွှင့်လုပ်ငန်းကို ကြီးမှူးဖွဲ့စည်းဆောင်ရွက်ရန် တာဝန်ပေးအပ်လိုက်လေသည်။ ဦးခင်ဇော်လည်း ပြည်သူနှင့်ဌာနတို့၏ အကျိုးငှာ ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် "ဗမာ့အသံ" (Burma Broadcasting Service) BBS ဟု အမည်နာမကင်ပွန်းတပ်ကာ အသံလွှင့်လုပ်ငန်းအခန်းကဏ္ဍသစ်ကို စတင်ဖွင့်လှစ်လိုက်လေသည်။ ဤသို့ ဗမာ့အသံ BBS ဟူ၍ အောင်မြင်စွာ မွေးဖွားသန္ဓစင်ခဲ့သော အချိန်မှစ၍ ယခု ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်နေ့တည်းဟူသော မြန်မာ့အသံနှစ် ၇၀ ပြည့် နှစ်ပတ်လည်နေ့ကို ရောက်ရှိလာသည့်ခရီးတာအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြည်သူလူထုအတွက် သတင်းနှင့်ဗဟုသုတအချက်အလက်များအပြင် ဖျော်ဖြေတင်ဆက်ခြင်းများအား ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ပြည်သူလူထု၏ အတွေးအခေါ်သဘောထား၊ ရှုမြင်ပုံသဘောထားတို့အပေါ် ဩဇာသက်ရောက်စွာဖြင့် လူထုဆက်သွယ် ရေးလုပ်ငန်း၏ အခန်းကဏ္ဍကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (Myanma Radio and Television) MRTV သည် လူထုဆက်သွယ်ရေး (Mass Media) သို့မဟုတ် Mass Communication စနစ်တစ်ခုဖြစ်သည်။ ဤစနစ်သည် လူမှုရေး၊ စီးပွားရေး၊ စစ်ရေးနှင့်နိုင်ငံရေးတို့တွင် အထူးအရေးပါသည်။ ခေတ်မီဆက်သွယ်ရေးနည်းပညာများသည်လည်း ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်လာခဲ့ပေသည်။

ဤသို့ ခေတ်အဆက်ဆက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့၏ ဤခရီးသည် နီးသလား၊ ဝေးသလားဟု ဆန်းစစ်၍ မြန်မာနိုင်ငံအသံလွှင့်လုပ်ငန်းကို ကနဦးအစ ပထမဖန်တီးတည်ဆောက်ပေးခဲ့သူများကိုလည်း မေ့မထားသင့်ပေ။ ကျေးဇူးရှိသည်။ ဂုဏ်ပြုသင့်သည်။မှတ်တမ်းတင်အပ်ပါသည်။ အသံလွှင့်လုပ်ငန်း၏ပထမအစ ခေတ်ဦးကာလဖြစ်သော ၁၉၃၇ ခုနှစ်၌ စတင်အသံလွှင့်သူအင်ဂျင်နီယာများကား မစ္စတာကော၊ ဂျေ၊ မက်ကွိုင်းနှင့်အဖွဲ့ဖြစ်သည်။ စစချင်း ခါတ်ပြားသီချင်းများကိုသာ အသံလွှင့်ပေးနိုင်ခဲ့သည်။

ထို့နောက် ပန်းဆိုးတန်းကြေးနန်းရုံးအောက်ထပ်တွင် ဦးထွန်းညို၊ ဦးတင်လှိုင်၊ ဦးမောင်မောင်၊ မစ္စတာ ကော၊ ဂျေ၊ မက်ကွိုင်း၊ မစ္စတာ ဂရိုတို့က မြန်မာ၊ အင်္ဂလိပ်၊ ဟိန္ဒူစတန်နီဘာသာဖြင့် သတင်းနှင့်ဟောပြောချက်များကို အသံလွှင့်ခဲ့သည်။ ထိုစဉ်ကအသံလွှင့်လုပ်ငန်းအတွက် သတင်းဌာနဟူ၍ သီးသန့်မရှိသေး။ အသံလွှင့်ရန် အင်္ဂလိပ်၊ မြန်မာသတင်းများကို ရိုက်တာသတင်းဌာန (Reter News Agency) မှ ဝယ်ယူရသည်။ ထိုစဉ်က နောင်အခါ အသံလွှင့်လုပ်ငန်းသို့ ဝန်ထမ်းအဖြစ်ဝင်ရောက်လာမည့် ဦးကျော်ညိန်း(မာတလိ)သည် အဆိုပါ ကြေးနန်းသတင်းဌာနတွင် လက်ထောက်အယ်ဒီတာအဖြစ် ထမ်းဆောင်နေသဖြင့် အသံလွှင့်ရန်သတင်းများကို ဘာသာပြန်ဆိုပေးခဲ့ရလေသည်။ ထို့နောက် ထိုကြေးနန်းရုံးကြီးအောက်ထပ်မှ အသံလွှင့်နေသော အသံလွှင့်ရုံကို (Burma State Broadcasting Service) မြန်မာနိုင်ငံအသံလွှင့်ဌာနဟု ၁၉၃၉ ခုနှစ် အောက်တိုဘာ ၁ရက်တွင် ဌာနအမည်ကြေညာလိုက်သောအခါ ဦးကျော်ညိန်းသည် အသံလွှင့်ဌာနဘက်သို့ ကူးပြောင်း၍ စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

ထိုကနဦးကာလ အသံလွှင့်ဌာန၌ ပြင်ပမှနေ၍ လာရောက်အသံလွှင့်ဟောပြောသူ ပုဂ္ဂိုလ်များမှာ ပညာဝန်ဦးစိန်ရွက်၊ အမျိုးသားပညာဝန်ဦးဖိုးကျား၊ ရွှေပြည်ဦးဘတင်၊ ဦးဖိုးလတ်၊ သီဟိုဠ်(ယခုသီရိလင်္ကာနိုင်ငံ) နိုင်ငံသံအမတ်ကြီးဟောင်း ဦးတင့်ဆွေ၊မြန်အောင်ဦးတင်၊ ဒေါ်မမခင်တို့ဖြစ်သည်။ပညာအုပ်ဦးရွှေမြက ကလေးများအခန်းကို အသံလွှင့်သည်။ဥပုသ်နေ့များတွင် ဓမ္မကထိက ကျိုက်ဝိုင်းဦးအိန္ဒက က ဗုဒ္ဓတရားတော်များ ဟောကြားသည်။

ထိုစဉ်က သောတရှင် ပြည်သူများအား တိုက်ရိုက် ဖျော်ဖြေကြသော ကာလပေါ်တီးဝိုင်းအဖွဲ့များမှာ ရွှေပြည်အေး၊ အေဝမ်း ခင်မောင်၊ တက္ကသိုလ်စိုး၊ ဂီတာစိမ်းမောင်၊ ဂီတာဘစောကြည်၊ စာဆိုရွှေတိုင်ညွန့်၊ တက္ကသိုလ်မောင်မောင်လှလှ၊ အေဝမ်းဖလင်၊ စိန်ပါတီ တူရိယာအဖွဲ့များဖြစ်သည်။

သီချင်းကြီးတူရိယာတီးဝိုင်းများမှာ မတင်အုန်း၊ ကိုအလီ၊ ဆရာစိုး၊ သန်လျင်မြဦး၊ မောင်မောင်ကျော်ငြိမ်း၊ မြန်မာညွှန့်ဦးချစ်မောင်အဖွဲ့များဖြစ်သည်။

အသံလွှင့်ခေတ်ဦးကာလ အသံလွှင့်အနုပညာရှင် (broadcaster)များမှာ စောစောပိုင်းက တင်ပြခဲ့သော ပုဂ္ဂိုလ်များအပြင် ခေတ်ဦးကာလ အလယ်ပိုင်းနှင့်နှောင်းပိုင်းများ၌ အသံလွှင့်ခဲ့သူများမှာ ဦးကြီးတင်(နောင်လက်ထောက်ညွှန် ကြားရေးမှူး(အသံလွှင့်) )ဦးသန်းကြွယ် (နောင်ဗိုလ်မှူးသန်းကြွယ်)၊ ဒေါ်မေမေသန်း၊ကိုကျော်စိန် (နောင်ဗိုလ်မှူးကြီး ကျော်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်)တို့ဖြစ်သည်။ ဦးကျော်ညိန်း(နောင်ညွှန်ကြားရေးမှူး(အသံလွှင့်)နှင့် ဦးကြီးတင် (နောင်လက်ထောက်ညွှန်ကြားရေးမှူး)တို့သည် ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးခေတ်အထိ တာဝန်ထမ်းဆောင်ခဲ့သူများဖြစ်သည်။

အသံလွှင့်စက်မှုဘက်ဆိုင်ရာ အင်ဂျင်နီယာများမှာ ဦးသန်းတင်(နောင်ဗိုလ်မှူးကြီးသန်းတင်)၊ Richard Kyaung (နောင်ဗိုလ်မှူးကြီးသူရစံလင်း)၊ ဦးသိုက်ဒိုး၊ ဦးပါလေး၊ဦးမောင်မောင်လှိုင်၊ ဦးဖိုးကျားတို့ဖြစ်သည်။ ထိုစဉ်မှစ၍ ဆိုရှယ်လစ်ခေတ်အထိ တစ်ဆက်တည်းအမှုထမ်းဆောင်ခဲ့သူ အသံလွှင့်အင်ဂျင်နီယာများမှာ Mr.P.K.Sen ခေါ် ဦးဝင်းမောင်(နောင် အင်ဂျင်နီယာချုပ်)၊ ဦးစိုးဝင်း (နောင်အကြီးတန်းအင်ဂျင်နီယာ)၊ ဦးအောင်ခင်(နောင်အင်ဂျင်နီယာချုပ်)၊ ဦးမျိုးနိုင်(နောင်လက်ထောက်အင်ဂျင်နီယာ)၊ ဦးကြိုင်၊ ဦးသိန်းလွင်(နောင်အကြီးတန်းစက်မှုလက်ထောက်) တို့ ဖြစ်သည်။

ချင်းချောင်းနန်းတော်အသံလွှင့်ရုံ၊ လောင်းဝစ္စလမ်းအသံလွှင့်ရုံ၊ ဝင်ဒါမီယာ ကရဆင့်အသံလွှင့်ရုံ၊ ပြည်လမ်းအသံလွှင့်ရုံအထိ နောက်ပိုင်းဆက်တိုက်အသံလွှင့်ခဲ့သူများမှာ ဦးသန်းမြင့်(ကမ္ဘာ့ဂီတ-နောင်လက်ထောက်ညွှန်မှူး(ဂီတ)၊ ဦးတင်ဦး(နောင်ညွှန်မှူး/အသံလွှင့်)၊ ဦးကျော်မင်း (နောင်ညွှန်ကြားရေးမှူးချုပ်)၊ ဦးညွှန့်တင်(နောင်မြန်မာပိုင်း အစီအစဉ်မှူး)၊ စန္ဒရားဦးအောင်ခင်(နောင်မြန်မာပိုင်းအစီအစဉ်မှူး)၊ ဒေါ်သန်းနှစ်၊ ဒေါ်တင်ညွှန့်၊ ဒေါ်မေရှင် (ရုပ်ရှင်မင်းသမီးကြီး)၊ ဒေါ်မူမူမြင့်၊ ဒေါ်ခင်ကြည်၊ ဒေါ်လှညွှန့်တို့ဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ခေတ်အဆက်ဆက်၌ တာဝန်ထမ်းဆောင်ခဲ့သော ညွှန်ကြားရေးဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များမှာ ဦးခင်ဇော်(K) (၁၉၄၆ ဇန်နဝါရီမှ ၁၉၄၈ ခုနှစ်အထိ)၊ ဦးထင်ဖတ် (၁၉၄၈ခုနှစ်)၊ ဦးသန့် (ပန်းတနော်ဦးသန့်) (နောင်ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်) ၁၉၄၈ခုနှစ်၊ ဦးခင်ဇော် (K) (၁၉၄၈ ခုနှစ် ဩဂုတ်လမှ ၁၉၆၂ ခုနှစ် ဇွန်လအထိ ဒုတိယအကြိမ်ပြန်လည်ထမ်းဆောင်ခြင်း၊ ဦးဖေသော် (၁၉၆၂ ခုနှစ် ဇွန်လမှ ၁၉၆၃ ခုနှစ် ဒီဇင်ဘာလအထိ)၊ ဗိုလ်မှူးစိုးမြင့်ဝင်း (၁၉၆၄ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ)၊ ဗိုလ်မှူးကျော်ဆန်း (သုခိအောင်) (၁၈-၈-၆၄မှ ၂၁-၅-၇၁အထိ)၊ ဒုတိယဗိုလ်မှူးကြီးတင်မောင်ကြည် (၂၂-၅-၇၁မှ ၂၂-၂-၇၉ အထိ)၊ ဗိုလ်မှူးကြီးတင်အောင်ထွန်း (၂၃-၂-၇၉ မှ ၁၇-၄-၈၆ အထိ)၊ ဦးကျော်မင်း(မြန်မာ့အသံကျော်မင်း) (၁၈-၄-၈၆ မှ ၂၆-၄-၈၉အထိ)၊ ဒုတိယဗိုလ်မှူးကြီးသန်းထွဋ် (၂၇-၄-၈၉ မှ ၂၉-၄-၉၀)၊ ဦးကြည်လွင် (၃၀-၄-၉၀ မှ ၃၀-၆-၉၈အထိ)၊ ဦးခင်မောင်ဌေး (၁-၇-၉၈)၊ ဦးသိန်းအောင်၊ ဦးတင့်ဆွေ၊ ယခုဦးမြင့်ထွေးတို့ဖြစ်သည်။

နှစ်(၇၀)ခရီးအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ညွှန်ကြားရေးဝန်နှင့် ညွှန်ကြားရေးမှူးချုပ် စုစုပေါင်း ၁၅ ဦးတို့က အသံလွှင့်လုပ်ငန်းနှင့် ရုပ်မြင်သံကြားတွင် တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

ခေတ်လယ်ပိုင်း ဝင်ဒါမီယာအသံလွှင့်ရုံနှင့် ပြည်လမ်းအသံလွှင့်ရုံတို့တွင် အသံလွှင့်ခဲ့ကြသော ကာလပေါ်တူရိယာတီးဝိုင်းများမှာ အလင်္ကာကျော်စွာရွှေပြည်အေးခေါင်းဆောင်သော ဂီတရွှေ့ဆောင်တူရိယာအဖွဲ့၊ တက္ကသိုလ်စိုးခေါင်းဆောင်သော တက္ကသိုလ်စိုးတူရိယာအဖွဲ့၊ ရန်နိုင်ဆွေခေါင်းဆောင်သော ရန်နိုင်ဆွေတူရိယာအဖွဲ့၊ ဦးအုံကြီးခေါင်းဆောင်သော ဘီတီဘရသား အပျော်တမ်းတူရိယာအဖွဲ့၊ အဆိုတော်ကိုရဲအောင်ခေါင်းဆောင်သော ချိုတေးရှင်တူရိယာအဖွဲ့၊ ဒဂုံခင်ခေါင်းဆောင်သော ဒဂုန်ခင်တူရိယာအဖွဲ့၊ ရွှေဂုံရိပ်သာတူရိယာအဖွဲ့၊ အောင်မင်္ဂလာတူရိယာအဖွဲ့၊ ဂျူပလီစိန်ခေါင်းဆောင်သော အရှေ့ပိုင်းတူရိယာအဖွဲ့၊ ကိုအောင်ကိုးခေါင်းဆောင်သော ချိုတေးဆက်တူရိယာအဖွဲ့၊ ကိုဌေးအောင်ခေါင်းဆောင်သော မောင်ဌေးအောင်တူရိယာအဖွဲ့၊ ဦးစိမ်းမောင်ခေါင်းဆောင်သော ဂီတဆရာ ဦးစိမ်းမောင်တူရိယာအဖွဲ့(ဂီတခေတ်ပြင်တူရိယာအဖွဲ့)၊ ပျော်တော်ဆက်တူရိယာအဖွဲ့၊ တေးသစ်လွင်တူရိယာအဖွဲ့၊ စန္ဒရား အေဝမ်းခင်မောင် ခေါင်းဆောင်သော စန္ဒရားအေဝမ်းခင်မောင်တူရိယာအဖွဲ့၊ ဂီတာအေဝမ်းကြည်အေးခေါင်းဆောင်သော ဂီတာအေဝမ်းကြည်အေးတူရိယာအဖွဲ့၊ လင်းခေးလုလင်ခေါင်းဆောင်သော စစ်ရဲဂီတတူရိယာအဖွဲ့၊ ဂီတာတင်အုန်း ခေါင်းဆောင်သော သစ်ဆန်းဂီတတင်အုန်းတူရိယာအဖွဲ့၊ ဂီတာဝိဇ္ဇာဘစောကြည်ခေါင်းဆောင်သော ဂီတာဝိဇ္ဇာ ဘစောကြည်အဖွဲ့၊ တေးတန်ဆောင်တူရိယာအဖွဲ့၊ ကိုတင်အောင်ခေါင်းဆောင်သော ရဲသီဟတူရိယာအဖွဲ့၊ ဂီတနက်သန်ကိုစောညိန်းနှင့် ဂီတနက်သန်ကိုအုန်းလွင်ခေါင်းဆောင်သော ဂီတနက်သန်တူရိယာအဖွဲ့၊ ဂီတလုလင်မောင်ကိုကိုခေါင်းဆောင်သော မောင်ကိုကိုတူရိယာအဖွဲ့၊ မောင်းမကန်ခင်အေးခေါင်းဆောင်သော မောင်းမကန်ခင်အေး တူရိယာအဖွဲ့၊ ဒေါ်ပုံအစိုးရသင်္ဘောကျင်းတူရိယာအဖွဲ့၊ ဂီတစာဆိုကိုလှနီခေါင်းဆောင်သော ဂီတစာဆိုတူရိယာအဖွဲ့၊ စိန်မြမောင်ခေါင်းဆောင်သော စိန်မြမောင်တူရိယာအဖွဲ့၊ လှဦးမောင်ခေါင်းဆောင်သော ချိုတေးမာလာ အပျော်တမ်းတူရိယာအဖွဲ့၊ စန္ဒရားနီနီခေါင်းဆောင်သော စန္ဒရားနီနီတူရိယာအဖွဲ့၊ ကိုခင်မောင်လတ်ခေါင်းဆောင်သော တေးရှင်အပျော်တမ်းတူရိယာအဖွဲ့၊ စန္ဒရားကိုအောင်ခင် ခေါင်းဆောင်သော စန္ဒရားအောင်ခင် အပျော်တမ်းတူရိယာအဖွဲ့၊ ကိုသောင်းခေါင်းဆောင်သော ဂီတမြတ်မွန်တူရိယာအဖွဲ့၊ စန္ဒရားကွန်းဇော် ခေါင်းဆောင်သော စန္ဒရားကွန်းဇော်တူရိယာအဖွဲ့၊ ကိုလေးအောင်ခေါင်းဆောင်သော မြတ်မွန်ထံတျာအပျော် တမ်းတူရိယာအဖွဲ့၊ အလင်္ကာကျော်စွာ စိန်ဝေလျှံခေါင်းဆောင်သော စိန်အပျော်တမ်းတူရိယာအဖွဲ့၊ တေးသံသာ အပျော်တမ်းတူရိယာအဖွဲ့၊ စစ်ရုံးအပျော်တမ်းတူရိယာအဖွဲ့၊ စန္ဒရားမောင်ဟန်ဝင်းခေါင်းဆောင်သော တာမွေတန်းမြင့်ကျောင်းမာယအပျော်တမ်းတူရိယာအဖွဲ့၊ စန္ဒရားမောင်ဟန်ဝင်းခေါင်းဆောင်သော စန္ဒရားမောင်ဟန်ဝင်း အပျော်တမ်းတူရိယာအဖွဲ့၊ တက္ကသိုလ်မိုးကြည် ခေါင်းဆောင်သော တက္ကသိုလ်ကြေးမုံ အပျော်တမ်းတူရိယာအဖွဲ့၊ ကိုကျော့မှူးခေါင်းဆောင်သော မြင့်သီရိအပျော်တမ်းတူရိယာအဖွဲ့၊ တေးဆုမွန် အပျော်တမ်းတူရိယာအဖွဲ့၊ ကိုကိုကြီးခေါင်းဆောင်သော အချက်ပြဆက်သွယ်ရေးတပ် အပျော်တမ်းတူရိယာအဖွဲ့၊ စန္ဒရားမြင့်နွယ် ခေါင်းဆောင်သော စန္ဒရား မြင့်နွယ်တူရိယာအဖွဲ့၊ ဂီတတေးသံအပျော်တမ်းတူရိယာအဖွဲ့၊ မန္တလေးမြို့မတူရိယာအဖွဲ့၊ ကိုလှဝေခေါင်းဆောင်သော မေတ္တာရိပ်မြုံ အပျော်တမ်းတူရိယာအဖွဲ့၊ ကိုပါကြီး ခေါင်းဆောင်သော နွဲ့နှောင်းတံတျာတူရိယာအဖွဲ့၊ စန္ဒရားကိုနွယ် လေးခေါင်းဆောင်သော ချိုဆုဝေအပျော်တမ်းတူရိယာအဖွဲ့၊ ဂီတာတင်ညွှန့်ခေါင်းဆောင်သော ဂီတသဇင်အပျော် တမ်းတူရိယာအဖွဲ့၊ မောင်မောင်လတ်ခေါင်းဆောင်သော ပွင့်ဦးနွယ်နီအပျော်တမ်းတူရိယာအဖွဲ့၊ ကိုလှပန်းခေါင်းဆောင်သော ကဗျာတံတျာ အပျော်တမ်းတူရိယာအဖွဲ့၊ ကိုလှထွဋ်နှင့်

**စာမျက်နှာ ၁၇ သို့**

**စာမျက်နှာ ၁၆ မှ**

သောင်း သောင်းနုတို့ခေါင်းဆောင်သော သီရိထံတျာ အပျော်တမ်း တူရိယာအဖွဲ့၊ ကိုမောင်မောင်ကြီး ခေါင်းဆောင်သော ဂီတလုလင်အပျော်တမ်းတူရိယာအဖွဲ့၊ မြန်မာ့လေတပ်မတော် အပျော်တမ်းတူရိယာအဖွဲ့တို့ဖြစ်ပါသည်။ ဤတူရိယာအဖွဲ့များသည် မြန်မာ့အသံ၏ ဖျော်ဖြေပေးရန်ဆိုသည့် ရည်ရွယ်ချက်ကို ကြီးမားစွာ အထောက်အကူပြုခဲ့သည်။ တစ်ခေတ်တစ်ခါက ခေတ်စားခဲ့သော တူရိယာ တီးဝိုင်းများ ဖြစ်သည်။ ဤတီးဝိုင်းများက ပေါ်ပြူလာသီချင်းမြောက်မြားစွာကို အမွေထားခဲ့သည်။ မြန်မာ့အသံ၏ သမိုင်းရေစီးကြောင်းပင်။ မြန်မာ့အသံနှင့် မြန်မာ့အသံ၏ သောတရှင်များအား ကြီးမားစွာအကျိုးပြုခဲ့သည့် ဤသို့သော မြန်မာသံ တူရိယာအဖွဲ့မျိုးများ ပြန်လည်ခေတ်စားလာသင့်သည်။ မြန်မာသံတီးဝိုင်းများကို လွမ်းမိပါသေးတော့သည်။

